မဇ္ဈိမနိကာယ်

# ဥပရိပဏ္ဏာသပါဠိတော်

## နိဿယ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## ၁-ဒေဝဒဟဝဂ်

### ၁-ဒေဝဒဟသုတ်

၁။ (ဣဒံ သုတ္တံ၊ ဤဒေဝဒဟသုတ်ကို)။ မေ၊ တပည့်တော်အာနန္ဒာသည်။ ဧဝံ၊ ဤသို့။ သုတံ၊ နာခံမှတ်သား ဆောင်ထားအပ်ပါပြီ[၁]။ ဧကံ၊ တပါးသော။ သမယံ၊ အခါ၌[၂]။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ သက္ကေသု၊ သက္ကတိုင်းတို့၌။ (ဥပစာရတ္တ)။ ဝါ၊ သက္ကတိုင်းအနီး၌။ (မုချတ္ထ)။ ဒေဝဒဟံနာမ၊ ဒေဝဒဟမည်သော[၃]။ သကျာနံ၊ သာကီဝင်မင်းတို့၏။ နိဂမော၊ နိဂုံးသည်။ (အတ္ထိ၊ ၏။ တသ္မိံ၊ ထိုနိဂုံး၌။ ဝါ၊ နိဂုံးအနီး လုမ္ဗိနီတော၌။) ဝိဟရတိ၊ နေတော်မူ၏။ တတြခေါ၊ ထိုအခါ၌။ ဘဂဝါ၊ သည်။ ဘိက္ခူ၊ ရဟန်းတို့ကို။ ဘိက္ခဝေါတိ၊ ရဟန်းတို့ ဟူ၍။ အာမန္တေသိ၊ ခေါ်တော်မူပြီ။ တေ ဘိက္ခူ၊ တို့သည်။ ဘဒန္တေတိ၊ အရှင်ဘုရား ဟူ၍။ ဘဂဝတော၊ မြတ်စွာဘုရားအား။ ဝါ၊ ၏ (စကားတော်ကို)။ ပစ္စဿောသုံ၊ ရှေးရှုနာယူကုန်ပြီ။ ဘဂဝါ၊ သည်—“ဘိက္ခဝေ၊ ရဟန်းတို့၊ အယံပုရိသပုဂ္ဂလော၊ ဤပုဂ္ဂိုလ်သည်။ ကိဉ္စိ၊ တစုံတခုသော။ ယံ သုခံ ဝါ၊ အကြောင်းချမ်းသာကိုရင်း။ ယံ ဒုက္ခံ ဝါ၊ အကြောင်းဆင်းရဲကိုရင်း။ ယံ အဒုက္ခမသုခံ ဝါ၊ အကြောင်း မဆင်းရဲ မချမ်းသာ (ဥပေက္ခာဝေဒနာ)ကိုရင်း။ ပဋိသံဝေဒေတိ၊ ခံစားရ၏။

---

၁။ ဧဝံ-နိဒဿန၊ မေ-တတိယာကတ္တား၊ သုတံ-ဥပခာရဏတ္တ ကမ္မရုပ်ပြန်ဆိုသည်။ ဧဝံ “ဤသို့သောအခြင်းအရာအားဖြင့်”ဟု အာကာရ၊ “ဤသို့သော”ဟု အဝဓာရဏ အနက်လည်း ပြန်ဆိုနိုင်သည်။ မေ ကို ဆဋ္ဌျတ္ထအမှန်အနက် ယောဇနာသော် သုတံ ကို ဥပဓာရဏတ္ထဘာဝရုပ် ကြံ၍ ယောဇနာလေ။

၂။ ဤအဋ္ဌကထာအလိုကျ ယောဇနာသော် “ဧကံ သော။ သမယံ၊ အခါပတ်လုံး”ဟု အစ္စန္တသံယောဂတ္ထ ပေးလေ။ ၌-ဟုပေးသည်ကား ပေါရာဏဝိယတို့ အလိုတည်း။

၃။ ဒေဝါနံ (သကျရာဇူနံ) ဒဟော (မင်္ဂလပေါက္ခရဏီ) ဒေဝဒဟော။ မင်္ဂလာရေကန်တည်း။ ၎င်းရေကန်ကို စွဲ၍ ဒေဝဒဟနိဂုံး ခေါ်၏။

သဗ္ဗံ၊ အလုံးစုံသော။ တံ၊ ထိုဝေဒနာသည်။ ပုဗ္ဗေကတဟေတု၊ ရှေးဘဝ၌ပြုအပ်သောကံဟူသော အကြောင်းကြောင့်။ (ဟောတိ၊ ၏။) ဣတိ၊ ဤသို့။ ပုရာဏာနံ၊ အဟောင်းဖြစ်ကုန်သော။ ကမ္မာနံ၊ ကံတို့၏။ တပသာ၊ အကျင့်အားဖြင့်။ ဗျန္တီဘာဝါ၊ ကင်းသော အဆုံးအပိုင်းအခြား ရှိသည်၏ အဖြစ်ကြောင့်ရင်း။ (ပျက်စီးခြင်းကြောင့် ဟူလို)။ နဝါနံ၊ အသစ် ဖြစ်ကုန်သော။ ကမ္မာနံ၊ တို့ကို။ အကရဏာ၊ မပြုခြင်းကြောင့်ရင်း။ အာယတိံ၊ နောင်အခါ၌။ အနဿဝေါ၊ မယိုစီးခြင်းသည်။ (ဟောတိ၊ ၏။) အာယတိံ၊ ၌။ အနဿဝါ၊ မယိုစီးခြင်းကြောင့်။ ကမ္မက္ခယော၊ ကံ၏ကုန်ခြင်းသည်။ (ဟောတိ၊ ၏။) ကမ္မက္ခယာ၊ ကံ၏ကုန်ခြင်းကြောင့်။ ဒုက္ခက္ခယော၊ ဆင်းရဲ၏ကုန်ခြင်းသည်။ (ဟောတိ၊ ၏။) ဒုက္ခက္ခယာ၊ ကြောင့်။ ဝေဒနာက္ခယော၊ ဝေဒနာ၏ကုန်ခြင်း သည်။ (ဟောတိ၊ ၏။) ဝေဒနာက္ခယာ၊ ကြောင့်။ သဗ္ဗံ၊ အလုံးစုံသော။ ဒုက္ခံ၊ ဆင်းရဲဝေဒနာ သည်။ နိဇ္ဇိဏ္ဏံ၊ အကြွင်းမဲ့ ဆွေးမြေ့ပျက်စီးသည်။ ဘဝိဿတိတိ၊ ဖြစ်လတ္တံ့ဟူ၍။ ဧဝံ ဝါဒိနော၊ ဤသို့ ဆိုလေ့ရှိကုန်သော။ ဧဝံဒိဋ္ဌိနော၊ ဤသို့ အယူရှိကုန်သော။ ဧကေ၊ အချို့ကုန်သော။ သမဏဗြာဟ္မဏာ၊ ရဟန်းပုဏ္ဏားတို့သည်။ သန္တိတိ၊ ရှိကုန်၏''ဟူသော။ ဧတံ၊ ကို။ အဝေါစ၊ ပြီ။ (ဣတိသဒ္ဒါ လုတ္တနိဒ္ဒိဋ္ဌ။) ဘိက္ခဝေ၊ တို့။ နိဂဏ္ဌာ၊ နိဂဏ္ဌာတို့သည်။ ဧဝံဝါဒိနော၊ ဤသို့ ဆိုလေ့ရှိကုန်၏။

ဘိက္ခဝေ၊ တို့။ အဟံ၊ သည်။ ဧဝံဝါဒိံ၊ ဤသို့ ဆိုလေ့ရှိကုန်သော။ နိဂဏ္ဌေ၊ နိဂဏ္ဌာတို့ကို။ ဥပသင်္ကမိတွာ၊ ချဉ်းကပ်၍။ ''အာဝုသော နိဂဏ္ဌာ၊ ငါ့ရှင် နိဂဏ္ဌာတို့။ တုမှေ၊ သင်တို့သည်။ 'အယံ ပုရိသပုဂ္ဂလော၊ သည် ။ပ။ ဘဝိဿတိတိ၊ ဟူ၍။ ဧဝံဝါဒိနော၊ ဤသို့ ဆိုလေ့ရှိကြ၏ဟူသည်။ ဧဝံဒိဋ္ဌိနော၊ ဤသို့ အယူရှိကုန်၏' ဟူသည်။ သစ္စံ ကိရာတိ၊ မှန်သလော''ဟူ၍။ ဧဝံ၊ သို့။ ဝဒါမိ၊ ပြောဆို၏။ ဘိက္ခဝေ၊ တို့။ တေ နိဂဏ္ဌာ၊ ထို နိဂဏ္ဌာတို့သည်။ ဧဝံ၊ သို့။ မေ၊ သည်။ ပုဋ္ဌာ၊ မေးအပ်ကုန်သည်ရှိသော်။ အာမာတိ၊ မှန်ပါ၏ဟူ၍။ စေ ပဋိဇာနန္တိ၊ ဝန်ခံကုန်ငြားအံ့။

အဟံ၊ သည်။ တေ၊ ထိုနိဂဏ္ဌာတို့ကို။ ''အာဝုသော နိဂဏ္ဌာ၊ တို့။ တုမှေ၊ တို့သည်။ 'မယံ၊ ငါတို့သည်။ ပုဗ္ဗေ၊ ရှေးဘဝ၌။ အဟုဝမှေဝ၊ ဖြစ်ဘူးကြကုန်သည်သာလျှင်တည်း။ န နာဟု- ဝမှာတိ၊ မဖြစ်ဘူးကြကုန်သည် မဟုတ်'ဟူ၍။ ဇာနာထ ကိံ ပနာတိ၊ သိကြကုန်၏လော'' ဟူ၍။ ဧဝံ၊ သို့။ ဝဒါမိ၊ ၏။ အာဝုသော၊ ငါ့ရှင်ဂေါတမ။ ဣဒံ၊ ဤအမေးစကားသည်။ နော ဟိ၊ မသင့်ပါ။

အာဝုသော နိဂဏ္ဌာ၊ တို့။ တုမှေ၊ တို့သည်။ 'မယံ၊ တို့သည်။ ပုဗ္ဗေ၊ ၌။ ပါပကမ္မံ၊ ကို။ အကရမှေဝ၊ ပြုဘူးကုန်သည်သာတည်း။ န နာကရမှာတိ၊ မပြုဘူးကုန်သည်ကား မဟုတ်'ဟူ၍။ ဇာနာထ ကိံ ပန၊ သိကြကုန်၏လော။ ဣတိ၊ ဤသို့မေးတော်မူ၏။ အာဝုသော၊ မ။ ဣဒံ၊သည်။ နော ဟိ၊ မသင့်ပါ။

အာဝုသော နိဂဏ္ဌာ၊ တို့။ တုမှေ၊ တို့သည်။ 'ဧဝရူပံ၊ ဤသို့ သဘောရှိသည်လည်းဖြစ်သော။ ဝေရူပံ ဝါ၊ သော။ ပါပကမ္မံ၊ ကို။ အကရမှာတိ၊ ပြုဘူးကုန်၏' ဟူ၍။ ဇာနာထ ကိံ ပန၊ သိကြ ကုန်၏လော။ ဣတိ၊ ဤသို့မေးတော်မူ၏။ အာဝုသော၊ မ။ ဣဒံ၊ သည်။ နော ဟိ၊ ပါ။

အာဝုသော နိဂဏ္ဌာ၊ တို့။ တုမှေ၊ တို့သည်။ 'ဧတ္တကံ၊ ဤမျှလောက်သော။ ဒုက္ခံ ဝါ၊ ဆင်းရဲ သည်လည်း။ နိဇ္ဇိဏ္ဏံ၊ ဆွေးမြေ့ပြီ။ ဧတ္တကံ၊ သော။ ဒုက္ခံ ဝါ၊ သည်လည်း။ နိဇ္ဇရေတဗ္ဗံ၊ ဆွေးမြေ့ ရာ၏။ (တဗ္ဗပစ္စည်း ဘောဟော။) ဧတ္တကမှိ၊ သော။ ဒုက္ခေ ဝါ၊ သည်လည်း။ နိဇ္ဇိဏ္ဏေ၊ ဆွေးမြေ့

လတ်သော်။ သမ္ပ၊ သော။ ဒုက္ခံ၊ သည်။ နိဗ္ဗိဿုံ၊ သည်။ ဘဝိဿတီတိ၊ ဖြစ်လတ္တံ့' ဟူ၍။ ဇာနာထ ကိံ ပန၊ လော။ ဣတိ၊ ဤသို့မေးတော်မူ၏။ အာဝုသော၊ မ။ ဣဒံ၊ သည်။ နော ဟိ၊ မသင့်ပါ။

အာဝုသော နိဂဏ္ဌာ၊ တို့။ တုမှေ၊ တို့သည်။ ဒိဋ္ဌေဝ ဓမ္မေ၊ မျက်မှောက်သောကိုယ်၏ အဖြစ်၌ ပင်လျှင်။ အကုသလာနံ ဓမ္မာနံ၊ တို့ကို။ ပဟာနံ၊ ပယ်ခြင်းကိုလည်း။ ကုသလာနံ ဓမ္မာနံ၊ တို့၏။ ဥပသမ္ပဒံ၊ ပြည့်စုံခြင်းကိုလည်း။ ဇာနာထ ကိံ ပန၊ လော။ ဣတိ၊ ဤသို့မေးတော်မူ၏။ အာဝုသော၊ မ။ ဣဒံ၊ သည်။ နော ဟိ၊ မသင့်ပါ။ ဣတိ၊ ဤသို့ဖြေဆိုကုန်၏။

၂။ ဣတိ၊ ဤသို့ဖြစ်လျှင်။ အာဝုသော နိဂဏ္ဌာ၊ တို့။ တုမှေ၊ တို့သည်။'မယံ၊တို့သည်။ပုဗ္ဗေ၊ ၌။ အဟုဝမှေဝ၊ ကုန်သည်သာတည်း။ န နာဟုဝမှာတိ၊ မဖြစ်ဘူးကုန်သည် မဟုတ်'(ဖြစ်ဘူးကုန်သည်သာတည်း)ဟူ၍။န ဇာနာထ ကိရ၊မသိရှာကြလေကုန်။ပ။ဥပသမ္ပဒံ၊ကိုလည်း။န ဇာနာထ ကိရ၊ မသိရှာကြလေကုန်။ ဇေဝံသန္တေ၊ ဤသို့ မသိသည်ရှိသော်။ အာယသ္မန္တာနံ နိဂဏ္ဌာနံ၊ အရှင်နိဂဏ္ဌတို့၏။ 'ယံကိဉ္စာယံ။ပ။ နိဇ္ဇိဏ္ဏံ ဘဝိဿတီတိ၊ဘဝိဿတိ'ဟူ၍။ ဝေယျာကရဏာယ၊ ပြောဆိုခြင်းငှါ။ ကလ္လံ၊ လျောက်ပတ်သည်။ န အသာ၊ မဖြစ်ရာ။

အာဝုသော နိဂဏ္ဌာ၊ တို့။ တုမှေ၊ တို့သည်။ 'အဟုဝမှေဝ။ပ။ န နာဟုဝမှာတိ၊ ဝမှ'ဟူ၍။သစေ ဇာနေယျာထ၊ အကယ်၍ သိကုန်ငြားအံ့။ 'အာကရမှေဝ။ပ။ န နာကရမှာတိ၊ ကရမှ'ဟူ၍။ သစေ ဇာနေယျာထ၊ကုန်ငြားအံ့။ပ။ဥပသမ္ပဒံ၊ ကိုလည်း။ သစေ ဇာနေယျာထ၊ ကုန်ငြားအံ့။ ဇေဝံသန္တေ၊ သော်။ အာယသ္မန္တာနံ နိဂဏ္ဌာနံ၊တို့၏။'ယံကိဉ္စာယံ။ပ။နိဇ္ဇိဏ္ဏံ ဘဝိဿတီတိ၊တိ'ဟူ၍။ဝေယျာကရဏာယ၊ ဖြေဆိုခြင်းငှါ။ ကလ္လံ၊ သည်။ အသာ၊ ရာ၏။

၃။ သေယျထာပိ၊ ဖြစ်သင့်ဖြစ်ရာ ဥပမာကိုဆိုအံ့။ အာဝုသော နိဂဏ္ဌာ၊ တို့။ ပုရိသော၊ သည်။ သဝိသေန၊ အဆိပ်နှင့်တကွသော။ ဂါဠ္ဟူပလေပနေန၊ စွဲမြဲအောင် (အထပ်ထပ်) လိမ်းကျံ အပ်သော။ သလ္လေန၊ မြားဖြင့်။ ဝိဒ္ဓေါ၊ ဖောက်ထွင်း (စူးဝင်) အပ်သည်။ အသာ၊ ဖြစ်ရာ၏။ သော၊ ထိုယောကျ်ားသည်။ သလ္လဿ၊ မြား၏။ ဝေဓနဟေတုပိ၊ ဖောက်ထွင်း (စူးဝင်)ခြင်းဟူသော အကြောင်းကြောင့်လည်း။ ဒုက္ခာ၊ ဆင်းရဲကုန်သော။ တိဗ္ဗာ၊ ထက်ကုန်သော။ ကဋုကာ၊ စပ်ကုန်သော။ ဝေဒနာ၊တို့ကို။ ဝေဒိယေယျ၊ ခံစားရာ၏။ တဿ၊ ထိုယောကျ်ား၏။ မိတ္တာမစ္စာ၊ မိတ်ဆွေအပေါင်းအဖော်တို့သည်၎င်း။ ဉာတိသာလောဟိတာ၊ ဆွေမျိုးသားချင်းတို့သည်၎င်း။ သလ္လကတ္တံ၊ မြားကိုနုတ်ဘတ်သော။ ဘိသက္ကံ၊ ဆေးဆရာကို။ ဥပဋ္ဌာပေယျုံ၊ အနီး၌တည်စေကုန်ရာ၏။ (ပင့်ဆောင်ကုန်ရာ၏ ဟူလို။) တဿ၊ ထိုလူနာယောကျ်ား၏။ ဝဏမုခံ၊ အမာဝကို။ သလ္လကတ္တော၊ သော။ သော ဘိသက္ကော၊ သည်။ သတ္ထေန၊ ဓားဖြင့်။ ပရိကန္တေယျ၊ ဖြတ်လှီးရာ၏။ သော၊ ထိုယောကျ်ားသည်။ ဝဏမုခဿ၊ကို။ သတ္ထေန၊ ဖြင့်။ ပရိကန္တနဟေတုပိ၊ ဖြတ်လှီးခြင်းဟူသော အကြောင်းကြောင့်လည်း။ ဒုက္ခာ၊ ကုန်သော။ တိဗ္ဗာ၊ ကုန်သော။ ကဋုကာ၊ ကုန်သော။ ဝေဒနာ၊ တို့ကို။ ဝေဒိယေယျ၊ ရာ၏။ တဿ၊ ထိုလူနာယောကျ်ား၏။ သလ္လံ၊ ငြောင့် (မြား) ကို။ သလ္လကတ္တော၊ သော။ သော ဘိသက္ကော၊ သည်။ သေနိယာ၊ ငြောင့်ရှာတံကိရိယာဖြင့်[၁]။ ဧသေယျ၊ ရှာရာ၏။ သော၊ သည်။ သေနိယာ၊ ဖြင့်။ သလ္လဿ၊

၁။ သေနိယာတိ-သေနိသအေကာယ အန္တမသော နူဂုကစင်ုယာပိ။ အဋ္ဌကထာ။

ဖြောင့်ကို။ သေနာသနတုပိ၊ ရှာခြင်းဟူသော အကြောင်းကြောင့်လည်း။ပ။ အဗ္ဘုပေယျ၊ နှုတ်ရာ၏။ (အဝ+ဥပဟ)။ သော၊ သည်။ သလ္လာ၊ ကို။ အဗ္ဘုဟနပေတုပိ၊ နှုတ်ခြင်းဟူသော အကြောင်းကြောင့်လည်း။ပ။တဿ၊ ၎င်း။ ဝဏမုခေ၊ ၌။ သလ္လကတ္တော၊ သော။ သော ဘိသက္ကော၊ သည်။အဂဒင်္ဂါ၏၊ ဆေးမီးသွေးမှုန့်ကို။ ဩဒဟေယျ၊ ထည့်ရာ၏။ (အဝပုဗ္ဗ ဓာဓာတ်)။သော၊ သည်။ ဝဏမုခေ၊ ၌။ အဂဒင်္ဂါရဿ၊ ဆေးမီးသွေးမှုန့်ကို။ ဩဒဟနပေတုပိ၊ ထည့်ခြင်းဟူသော အကြောင်းကြောင့်လည်း။ပ။ ဝေဒိယေယျ၊ ရာ၏။

သော၊ ထိုယောကျ်ားသည်။ အပရေန သမယေန၊ တပါးသောအခါ၌။ ရုဠှေန၊ အသားနု တက်သော။ သဉ္ဆဝိနာ၊ ကောင်းသော အရေရှိသော။ ဝဏေန၊ အနာဖြင့်။ အနရောဂေါ၊ အနာ မရှိသည်။ (ရုဠှေန ဝဏေန၊ အသားနုတက်သော အနာရှိသည်ဖြစ်၍။ သဉ္ဆဝိနာ ဝဏေန ကောင်းသော အရေရှိသော အနာရှိသည်ဖြစ်၍-ဟု ဣတ္ထမ္ဘူတလက္ခဏတ္ထသော်လည်းပေး)။ သုခီ၊ ချမ်းသာခြင်းရှိသည်။ သေရီ၊ မိမိနှင့် စပ်၍ဖြစ်ခြင်းရှိသည်။ (သ+ဤရ=မိမိအလိုအတိုင်းနေနိုင်သူ ဟူလို။) သယံဝသီ၊ မိမိအလိုအတိုင်းရှိသည်။ ယေန ကာမင်္ဂမော၊ မိမိအလိုအတိုင်း သွားနိုင်သည်။ အဿ၊ ရာ၏။ တဿ၊ ထိုယောကျ်ား၏။ "အဟံ ခေါ၊ ငါသည်။ပုဗ္ဗေ၊ ရှေး၌။ သဝိသေန၊ သော။ ဂါဠ္ဟူပလေပနေန၊ သော်။ သလ္လေန၊ ဖြင့်။ ဝိဒ္ဓေါ၊ အပ်သည်။ အဟောသိံ၊ ဖြစ်ပြီ။ပ။ သော (အဟံ)၊ သည်။ ဧတရဟိ၊ ယခုအခါ၌။ပ။ယေန ကာမင်္ဂမော၊ သည်။ အမှိတိ၊ ဖြစ်၏"ဟူသော။ ဧဝံ၊ ဤအကြံသည်။ အဿ၊ ရာ၏။

အာဝုသော နိဂဏ္ဌာ၊ တို့။ ဧဝမေဝ၊ ဤအတူသာလျှင်။ပ။အဿ၊ ရာ၏။ (ဥပမေယျဝါကျ အားလုံး တူပြီ)။

အာဝုသော နိဂဏ္ဌာ၊ တို့။ တုမှေ၊ တို့သည်။ 'အဟုဝမှေဝ။ပ။ နာဟုဝမှာတိ၊ ဝမှ'ဟူ၍။ယသ္မာ စ ခေါ၊ အကြင်ကြောင့်လျှင်။ န ဇာနာထ၊ မသိကုန်။ပ။ ဥပသမ္ပဒံ၊ ကိုရင်း။ ယသ္မာ စ ခေါ၊ လျှင်။ န ဇာနာထ၊ ကုန်။ တသ္မာ၊ ထိုကြောင့်။ အာယသ္မန္တာနံ နိဂဏ္ဌာနံ၊ တို့၏။ 'ယံကိဉ္စာယံ။ပ။ နိဇ္ဇိဏ္ဏံ ဘဝိဿတီတိ၊ သာတိ'ဟူ၍။ ဝေယျာကရဏာယ၊ ငှါ။ ကလ္လံ၊ သည်။ န အဿ၊ ရာ။

၄။ ဘိက္ခဝေ၊တို့။ ဧဝံ၊သို့။ ဝုတ္တေ၊ အပ်သော်။ တေ နိဂဏ္ဌာ၊ တို့သည်။ မံ၊ ကို "အာဝုသော ငါ့ရှင်ဂေါတမ။ နာဋပုတ္တော၊ နာဋပုတ္တမည်သော။ နိဂဏ္ဌော၊ နိဂဏ္ဌသည်။ သဗ္ဗညူ၊(အခါခပ်သိမ်း)အလုံးစုံကို သိ၏။ သဗ္ဗဒဿာဝီ၊ (အခါခပ်သိမ်း) အလုံးစုံကို မြင်၏။ စရတော စ၊သွားစဉ်ရင်း။ တိဋ္ဌတော စ၊ ရပ်စဉ်ရင်း။ သုတ္တဿ စ၊ အိပ်ပျော်စဉ်ရင်း။ ဇာဂရဿ စ၊ နိုးစဉ်ရင်း။ သတတံ၊ အမြဲ။ သမိတံ၊ မပြတ်။ မေ၊ ၏။ ဉာဏဒဿနံ၊ ဉာဏ်အမြင်သည်။ ပစ္စုပဋ္ဌိတန္တိ၊ ရှေး၌ ထင်၏ဟူ၍။ အပရိသေသံ၊အကြွင်းမရှိသော။ ဉာဏဒဿနံ၊ ဉာဏ်အမြင်ကို။ ပဋိဇာနာတိ၊ဝန်ခံ၏။ သော၊ထိုနာဋပုတ္တနိဂဏ္ဌသည်။ 'အာဝုသော နိဂဏ္ဌာ၊တို့။ ပုဗ္ဗေဝ၊ရှေး၌သာလျှင်။(မ-၁ စူဠဒုက္ခက္ခန္ဓ သုတ် ၁၇၉-ပိုဒ်၌ ဝေသဒ္ဒါ မပါ။) ကတံ၊ ပြုအပ်ပြီးသော။ ပါပကမ္မံ၊ မကောင်းမှုသည်။ (အတ္ထိ၊ ၏။) တံ၊ ထိုမကောင်းမှုသည်။ ကဋုကာယ၊ ကြမ်းသော။ ဒုက္ကရကာရိကာယ၊ ဒုက္ကရကာရိကာယ၊ ပြုနိုင်ခဲသောအကျင့်ဖြင့်။ နိဇ္ဇရေထ၊ ဆွေးမြေ့ရာ၏။ ဧတ္ထ၊ ပြုနိုင်ခဲသောအကျင့်၌။ ဧတရဟိ၊ ယခုအခါ၌။ ကာယေန၊ ကိုယ်ဖြင့်။ ယံ သံဝုတာ၊ အကြင်စောင့်ရှောက်အပ်ကုန်၏။ ဝါစာယ၊ စကားဖြင့်။ ယံ သံဝုတာ၊ ကုန်၏။ မနသာ၊ စိတ်ဖြင့်။ ယံ သံဝုတာ၊ကုန်၏၊ တံ၊ ထိုစောင့်ရှောက်ခြင်းသည်။ အာယတိံ၊ နောင်အခါ၌။ ပါပကမ္မဿ၊ မကောင်းမှုကို။ (ပါပဿ ကမ္မဿ ဟု မ-၁-

ငှ-သုတ်၌ ရှိ၏။) အကုရုဏ်၊ မပြုခြင်းသည်။ ဟောတိ၊၏။ ဣတိ၊ ဤသို့။ ပုရာဏာနံ၊ ကုန်သော ။ပ။ဘဝိဿတိ၊လတ္တံ့'ဟူ၍။ ဝေ၊သို့။ အာဟ၊ ပြောဆိုပြီး။ တဋ္ဌ၊ထိုနာဋ္ဌပုတ္တ၏ စကားသည် သာလျှင်။ အမှာကံ၊ငါတို့အား။ (ငါတို့၏စိတ်၌ ဟူ၍သော်လည်း မောဂ္ဂလ္လာန်အလို ပေး။) ရုစ္စတိ စေဝ၊ နှစ်လည်းနှစ်သက်၏။ ခမတိစ၊ အလိုလည်းကျ၏။ တေနစ၊ ထိုနာဋ္ဌပုတ္တ၏ စကားဖြင့် သာလျှင်။ အတ္တမနာ၊ နှစ်သက်သောစိတ် ရှိကုန်သည်။ အမှာတိ၊ ကုန်၏" ဟူသော။ ဝေ၊ကို။ အဝေါစုံ၊ ကုန်ပြီ။

၅။ ဘိက္ခဝေ၊တို့။ ဝေ၊သို့။ ဝုတ္တေ၊သော်။ အဟံ၊သည်။ တေ နိဂဏ္ဌေ၊ တို့ကို။ "အာဝုသော နိဂဏ္ဌာ၊တို့။ ဣမေ ပဉ္စဓမ္မာ၊ ဤငါးပါးကုန်သော တရားတို့သည်။ ဒိဋ္ဌေဝ ဓမ္မေ၊ ဤပင်လျှင်။ ဒွိဓာဝိပါကာ၊ အမှန်အမှား နှစ်ပါးသောအကျိုးရှိကုန်၏။ ပဉ္စ ငါးပါးတို့ဟူသည်။ ကတမေ၊ အဘယ်တို့နည်း။ သဒ္ဓါ၊ ယုံကြည်ခြင်းငှင်း။ ရုစိ၊ နှစ်သက်ခြင်းငှင်း။ အနုဿဝေါ၊ အဆင့်ကြားခြင်းငှင်း။အာကာရပရိဝိတက္ကော၊ အခြင်းအရာကို အဖန်ဖန်ကြံဆခြင်းငှင်း။ ဒိဋ္ဌိနိဇ္ဈာနက္ခန္တိ၊ စဉ်းစားတွေးကြံ လက်ခံနှစ်သိမ့်သောအယူငှင်းတည်း။ အာဝုသော နိဂဏ္ဌာ၊တို့။ ဣမေ ပဉ္စဓမ္မာ၊ တို့သည်။ ဒိဋ္ဌေဝ ဓမ္မေ၊ ဤပင်လျှင်။ ဒွိဓာဝိပါကာ၊ ကုန်၏။ တတြ၊ ထိုငါးပါးကုန်သော တရား တို့တွင်။ အာယသ္မန္တာနံ နိဂဏ္ဌာနံ၊ အရှင်နိဂဏ္ဌတို့၏။(သဒ္ဓါစသည်၌စပ်။) အတီတံသေ၊ အတိတ် အဖို့ကိုယူလေ့ရှိသော။ သတ္ထရိ၊သင်တို့ဆရာဘုရား၌။ သဒ္ဓါ၊ယုံကြည်ခြင်းဟူသည်။ ကာ၊ အဘယ် နည်း။ ရုစိ၊ နှစ်သက်ခြင်းဟူသည်။ ကာ၊နည်း။ အနုဿဝေါ၊အဆင့်ကြားခြင်းဟူသည်။ ကော၊ နည်း။ အာကာရပရိဝိတက္ကော၊ အခြင်းအရာကို အဖန်ဖန်ကြံဆခြင်းဟူသည်။ ကော၊ နည်း။ ဒိဋ္ဌိနိဇ္ဈာနက္ခန္တိ၊ စဉ်းစားတွေးကြံ လက်ခံနှစ်သိမ့်သောအယူဟူသည်။ ကာတိ၊ အဘယ်နည်း" ဟူသော။ ဝေ၊ကို။ အဝေါစံ၊ပြီ။ ဘိက္ခဝေ၊ တို့။ ဝေံဝါဒီဝေါ၊ဤသို့မိန့်ဆိုသော။ အဟံ၊သည်။ နိဂဏ္ဌေသု၊နိဂဏ္ဌတို့၌။ ကဉ္စိ၊တစုံတခုသော။သဟဓမ္မိကံ၊အကြောင်းနှင့်တကွသော။ ဝါဒပဋိဟာရံ၊ ဖြေရှင်းနိုင်သောအယူဝါဒကို ^1^။ န သမနုပဿာမိ၊မြင်တော်မမူ။

ဘိက္ခဝေ၊တို့။ ပုနစပရံ၊လည်း။ အဟံ၊သည်။ တေ နိဂဏ္ဌေ၊တို့ကို။ "အာဝုသော နိဂဏ္ဌာ၊တို့။ တံ၊ ကို။ ကိံ မညထ၊နည်း။ ယသ္မိံ သမယေ၊အကြင်အခါ၌။ ဝေါ၊သင်တို့၏။ တိဗ္ဗော၊ထက်သော။ (အားကြီးသောလည်းပေး။) ဥပက္ကမော၊လုံ့လသည်။ တိဗ္ဗံ၊သော။ ပဓာနံ၊အားထုတ်ခြင်းသည်။ ဟောတိ၊၏။ တသ္မိံ သမယေ၌။ ဝေါ၊ တို့သည်(လိုက်စပ်။) တိဗ္ဗာ၊ ကုန်သော။ ဩပက္ကမိကာ၊ လုံ့လကြောင့်ဖြစ်ကုန်သော။ ဒုက္ခာ၊ဆင်းရဲကုန်သော။ တိဗ္ဗာ၊ကုန်သော။ ကဋုကာ၊ကုန်သော။ ဝေဒနာ၊ ဝေဒနာတို့ကို။ ဝေဒိယေထ၊ ခံစားကုန်ရာ၏လော။ ယသ္မိံ ပနသမယေ၊ ၌ကား။ ဝေါ၊ တို့၏။ တိဗ္ဗော၊သော။ ဥပက္ကမော၊သည်။ နဟောတိ၊မဖြစ်။ တိဗ္ဗံ၊သော။ပဓာနံ၊သည်။ နဟောတိ၊ မဖြစ်။ တသ္မိံ သမယေ၌။ ဝေါ၊ တို့သည်။ (လိုက်စပ်။) တိဗ္ဗာ၊ ကုန်သော။ ဩပက္ကမိကာ၊ ကုန်သော။ ဒုက္ခာ၊ကုန်သော။ တိဗ္ဗာ၊ ကုန်သော။ ကဋုကာ၊ကုန်သော။ ဝေဒနာ၊တို့ကို။ နဝေဒိယေထာတိ၊ ကုန်၏လော" ဟူ၍။ ဝေ၊သို့။ ဝဒါမိ၊၏။

အာဝုသော ဂေါတမ၊မ။ ယသ္မိံ သမယေ၌။ နော၊ ငါတို့၏။ပ။ဟောတိ၊၏။ တသ္မိံ သမယေ၌။ပ။ဝေဒိယာမ၊ခံစားကုန်၏။ ယသ္မိံ ပနသမယေ၌ကား ။ပ။န ဟောတိ၊မဖြစ်။ တသ္မိံ သမယေ၌။ပ။ န ဝေဒိယာမ၊မခံစားရကုန်။ ဣတိ၊ဤသို့ ပြောဆိုကုန်၏။

---

၁။ [struck-through footnote: ပဋိဟာရတိ ... ဝါဒပဋိဟာရံ ... ဂွင်ကား။]

၆။ ဣတိကိရ၊ ဤသို့ဖြစ်လျှင်။ အာဝုသော နိဂဏ္ဌာ၊ တို့။ပ။ ကလ္လံ၊ သည်။ အသာ၊ ရာ၏။ (ဣတိကိရ-အစ ဘဝိဿတိတိ-အထိ ပေယျာလထိုးသည်)။

အာဝုသော နိဂဏ္ဌာ၊ တို့။ ယသ္မာ စ ခေါ၊အကြင်ကြောင့်လျှင်။ပ။ဝေဒိယေထ၊ ခံစားကုန်ရာ၏။ ယသ္မာ စ ခေါ၊ အကြင်ကြောင့်လျှင်။ပ။ န ဝေဒိယေထ၊ မခံစားကုန်ရာ။ (တသ္မာ၊ကြောင့်။) တေ တုမှေ၊ ထိုသင်တို့သည်[၁]။ သာမံယေဝ၊ ကိုယ်တိုင်သာလျှင်။ ဩပက္ကမိကာ၊ကုန်သော။ပ။ ဝေဒနာ၊ တို့ကို။ ဝေဒယမာနာ၊ ခံစားကုန်သော်။ အဝိဇ္ဇာ၊ အဝိဇ္ဇာကြောင့်၊ အညာဏာ၊ မသိခြင်းကြောင့်။ (အဝိဇ္ဇာ၊ဖြင့်။အညာဏာ၊ ကြောင့်-ဟု ဋီကာနည်းသော်လည်းပေး)။ သမ္မောဟာ၊ လွန်စွာတွေဝေခြင်းကြောင့်။ "ယံကိဉ္စာယံ။ပ။ နိဇ္ဇိဏ္ဏံ ဘဝိဿတိတိ၊ဘဝိဿတိ" ဟူ၍။ ဝိပစ္စေထ၊ ဖောက်ပြန်သောအားဖြင့် ယုံကြည်ကုန်ရာ၏။ဘိက္ခဝေ၊တို့။ပ။န သမနုပဿာမိ၊ မြင်တော်မမူ။

၇။ ဘိက္ခဝေ၊တို့။ ပုန စပရံ၊ လည်း။ အဟံ၊ သည်။ တေ နိဂဏ္ဌေ၊ တို့ကို။ "အာဝုသော နိဂဏ္ဌာ၊ တို့။ တံ၊ ကို။ ကိံ မညထ၊ နည်း။ ယမိဒံ ကမ္မံ၊ အကြင်ကံသည်။ ဒိဋ္ဌဓမ္မဝေဒနီယံ၊ မျက်မှောက်သောကိုယ်၏ အဖြစ်၌ ခံစားအပ်သော အကျိုးရှိ၏[၂]။ တံ၊ ထိုကံသည်။ ဥပက္ကမေန ဝါ၊ လုံ့လကြောင့်ငှင်း။ ပဓာနေန ဝါ၊ အားထုတ်ခြင်းကြောင့်ငှင်း။ သမ္ပရာယဝေဒနီယံ၊ တမလွန်၌ (ဒုတိယ တတိယ အတ္တဘာဝကို ယူ။) ခံစားအပ်သော အကျိုးရှိသည်။ ဟောတုတိ၊ ဖြစ်စေသတည်းဟူသော။ တော၊ ဤတောင့်တမှုကို။ လဗ္ဘန္တိ၊ ရအပ်သလော" ဟူ၍။ ဧဝံ၊ သို့။ ဝဒါမိ၊ ပြောဆို၏။ အာဝုသော၊မ။ ဣဒံ၊ဤစကားသည်။ နောဟိ၊ မသင့်ပါ။ ယံ ပနိဒံ ကမ္မံ၊သည်ကား။ သမ္ပရာယဝေဒနီယံ၊၏။ တံ၊သည်။ ဥပက္ကမေန ဝါ၊ကြောင့်ငှင်း။ ပဓာနေန ဝါ၊ ကြောင့်ငှင်း။ ဒိဋ္ဌဓမ္မဝေဒနီယံ၊သည်။ ဟောတုတိ၊တည်းဟူသော။ တော၊ကို။ လဗ္ဘာ၊ရအပ်၏လော။ ဣတိ၊ဤသို့ မေးတော်မူ၏။ အာဝုသော၊မ။ ဣဒံ၊သည်။ နောဟိ၊ပါ။

အာဝုသော နိဂဏ္ဌာ၊တို့။ တံ၊ ကို။ ကိံ မညထ၊နည်း။ 'ယမိဒံ ကမ္မံ၊ သည်။ သုခဝေဒနီယံ၊ သုခဝေဒနာ၏ အကျိုးစီးပွါးတည်း[၃]။ တံ၊ သည်။ ဥပက္ကမေန ဝါ၊ ကြောင့်ငှင်း။ ပဓာနေန ဝါ၊ ကြောင့်ငှင်း။ ဒုက္ခဝေဒနီယံ၊ ဒုက္ခဝေဒနာ၏ အကျိုးစီးပွါးသည်။ ဟောတုတိ၊ တည်း'ဟူသော။ တော၊ ကို။ လဗ္ဘာ၊ လော။ ဣတိ၊ ၏။ အာဝုသော၊မ။ ဣဒံ၊သည်။ နောဟိ၊ပါ။ 'ယံ ပနိဒံ ကမ္မံ၊ သည်ကား။ ဒုက္ခဝေဒနီယံ၊ တည်း။ တံ၊ သည်။ ဥပက္ကမေန ဝါ၊ ကြောင့်ငှင်း။ ပဓာနေန ဝါ၊ ကြောင့်ငှင်း။ သုခဝေဒနီယံ၊ သည်။ ဟောတုတိ၊ တည်း' ဟူသော။ တော၊ကို။ လဗ္ဘာ၊ လော။ ဣတိ၊ ၏။ အာဝုသော၊မ။ ဣဒံ၊ သည်။ နော ဟိ၊ ပါ။

---

၁။ တေ တုမှေ မရှိဘဲ တသ္မာ တုမှေ ရှိက တသ္မာခထည့်ရသဖြင့် ကောင်း၏။

၂။ ဒိဋ္ဌဓမ္မော ဝုစ္စတိ ပစ္စက္ခဘူတော၊ တတ္ထ ဝေဒိတဗ္ဗံ ဖလံ၊ တေနာဟ ဣမသ္မိံ ယေဝ အတ္တဘာဝေ ဝိပါကဒါယကန္တိ-ဋီကာနှင့်အညီ ဘိန္နာဓိကရဏ ဗဟုဗ္ဗီဟိ သမာသ်ပြု။

၃။ နိဗ္ဗတ္တကဘာဝတော သုခဝေဒနာယ ဟိတန္တိ သုခဝေဒနီယံ၊ သာ ပန ဝိပါကဝေဒနာဘာဝတော ကေန္ဒတော ဣဋ္ဌာရမ္မဏာဝ ဟောတီတိ အာဟ ဣဋ္ဌာရမ္မဏဝိပါကဒါယကန္တိ-ဋီကာနှင့်အညီတည်း။သုခ-ဟူသော ခံစားအပ်သောအကျိုးရှိ၏။ ဟူ၍သော်လည်း ဒိဋ္ဌဓမ္မဝေဒနီယပုဒ်အတိုင်း ပေးလေ။

အာဝုသော နိဂဏ္ဌာ၊ တို့။ တံ၊ ကို။ ကိံ မညထ၊ နည်း။ 'ယမိဒံ ကမ္မံ၊ သည်။ ပရိပက္ကဝေဒနီယံ၊ ရင့်ကျက်သော ကိုယ်၏အဖြစ်၌ ခံစားအပ်သော အကျိုးရှိ၏[၁]။ တံ၊ သည်။ ဥပက္ကမေန ဝါ၊ ကြောင့်ရင်း။ ပဓာနေန ဝါ၊ ကြောင့်ရင်း။ အပရိပက္ကဝေဒနီယံ၊ မရင့်ကျက်သော ကိုယ်၏ အဖြစ်၌ ခံစားအပ်သော အကျိုးရှိသည်။ ဟောတူတိ၊ တည်း' ဟူသော။ တေ၊ ကို။ လဗ္ဘ၊ လော။ ဣတိ၊ ၏။ အာဝုသော၊ မ။ ဣဒံ၊ သည်။ နော ဟိ၊ ပါ။ 'ယံပနိဒံ ကမ္မံ၊ သည်ကား။ အပရိပက္ကဝေဒနီယံ၊ ၏။ တံ၊ သည်။ပ။ ဟောတူတိ၊ တည်း' ဟူသော။ တေ၊ ကို။ လဗ္ဘ၊ လော။ ဣတိ၊ ၏။ အာဝုသော၊ မ။ ဣဒံ၊ သည်။ နော ဟိ၊ ပါ။

အာဝုသော နိဂဏ္ဌာ၊ တို့။ တံ၊ ကို။ ကိံ မညထ၊ နည်း။ 'ယမိဒံ ကမ္မံ၊ သည်။ ဗဟုဝေဒနီယံ၊ များသော ခန္ဓာရှိသော ဘဝတို့၌ ခံစားအပ်သော အကျိုးရှိ၏။ တံ၊ သည်။ ဥပက္ကမေန ဝါ၊ ကြောင့်ရင်း။ ပဓာနေန ဝါ၊ ကြောင့်ရင်း။ အပ္ပဝေဒနီယံ၊ နည်းသော ခန္ဓာရှိသော ဘဝ၌ ခံစားအပ်သော အကျိုးရှိသည်[၂]။ ဟောတူတိ၊ တည်း' ဟူသော။ တေ၊ ကို။ လဗ္ဘ၊ လော။ ဣတိ၊ ၏။ အာဝုသော၊ မ။ ဣဒံ၊ သည်။ နော ဟိ၊ ပါ။ 'ယံပနိဒံ ကမ္မံ၊ သည်ကား။ အပ္ပဝေဒနီယံ၊ နည်းသော ခန္ဓာရှိသော ဘဝ၌ ခံစားအပ်သော အကျိုးရှိ၏။ တံ၊ သည်။ပ။ ဟောတူတိ၊ တည်း' ဟူသော။ တေ၊ ကို။ လဗ္ဘ၊ လော။ ဣတိ၊ ၏။ အာဝုသော၊ မ။ ဣဒံ၊ သည်။ နော ဟိ၊ ပါ။

အာဝုသော နိဂဏ္ဌာ၊ တို့။ တံ၊ ကို။ ကိံ မညထ၊ နည်း။ 'ယမိဒံ ကမ္မံ၊ သည်။ သဝေဒနီယံ၊ ခံစားအပ်သော အကျိုးရှိ၏။ တံ၊ သည်။ပ။ အဝေဒနီယံ၊ ခံစားအပ်သော အကျိုးမရှိသည်။ ဟောတူတိ၊ တည်း' ဟူသော။ တေ၊ ကို။ လဗ္ဘ၊ လော။ ဣတိ၊ ၏။ အာဝုသော၊ မ။ ဣဒံ၊ သည်။ နော ဟိ၊ ပါ။ 'ယံမနိဒံ ကမ္မံ၊ သည်ကား။ အဝေဒနီယံ၊ ခံစားအပ်သော အကျိုးမရှိ။ တံ၊ သည်။ပ။ သဝေဒနီယံ၊ သည်။ ဟောတူတိ၊ တည်း' ဟူသော။ တေ၊ ကို။ လဗ္ဘ၊ လော။ ဣတိ၊ ၏။ အာဝုသော၊ မ။ ဣဒံ၊ သည်။ နော ဟိ၊ ပါ။ ဣတိ၊ ဤသို့ ဖြေဆိုကုန်၏။

ဂ။ ဣတိကိရ၊ လျှင်။ အာဝုသော နိဂဏ္ဌာ၊ တို့။ 'ယမိဒံ ကမ္မံ၊ သည်။ပ။ ဟောတူတိ၊ တည်း' ဟူသော။ တေ၊ ကို။ အလဗ္ဘ၊ မရအပ်။ပ။ 'ယံ ပနိဒံ ကမ္မံ၊ သည်ကား။ပ။ ဟောတူတိ၊ တည်း' ဟူသော။ တေ၊ ကို။ အလဗ္ဘ၊ မရအပ်။ ဧဝံသန္တေ၊ ဤသို့ မရသည်ရှိသော်။ အာယသ္မန္တာနံ နိဂဏ္ဌာနံ၊ တို့၏။ အဖလော၊ အကျိုးမရှိသော။ ဥပက္ကမော၊ လုံ့လသည်။ ဟောတိ၊ ၏။ အဖလော၊ အကျိုးမရှိသော။ ပဓာနံ၊ အားထုတ်ခြင်းသည်။ ဟောတိ၊ ၏။ ဘိက္ခဝေ၊ တို့။ နိဂဏ္ဌာ၊ တို့သည်။ ဧဝံဝါဒီ၊ ဤသို့ ဆိုလေ့ရှိကုန်၏။ ဘိက္ခဝေ၊ တို့။ ဧဝံဝါဒီနံ၊ ကုန်သော။ နိဂဏ္ဌာနံ၊ တို့၏။ သဟဓမ္မိကာ၊ အကြောင်းနှင့်တကွ ဖြစ်ကုန်သော။ ဒသ၊ ဆယ်ပါးကုန်သော။ ဝါဒါနုဝါဒါ၊ နိဂဏ္ဌတို့သည် ပြောဆိုအပ်သော ဝါဒ (ဂုဏ်းတို့၏ တပည့်တို့သည်) အတုလိုက်၍ ပြောဆိုအပ်သော ဝါဒတို့သည်။ ဂါရယှံ၊ ကဲ့ရဲ့ထိုက်သော။ ဌာနံ၊ အကြောင်းသို့။ အာဂစ္ဆန္တိ၊ ရောက်ကုန်၏။

---

၁။ ဤအဘဝအတွင်း အကျိုးပေးသော ကံဟူသမျှသည် ဒိဋ္ဌဓမ္မဝေဒနီယချည်းမည်၏၊ သို့ရာတွင် (၇)ရက် အတွင်းအကျိုးပေးသော ဒိဋ္ဌဓမ္မဝေဒနီယကံကိုသာ ပရိပက္ကဝေဒနီယကံဟု ဆိုလို၏။ ဥပပဇ္ဇဝေဒနီယ အပရာပရိယဝေဒနီယ ဟူသော သမ္ပရာယဝေဒနီယကံကို အပရိပက္ကဝေဒနီယကံ ဟု ခေါ်၏။ ဆန္ဒကထာ။

၂။ စတုပဉ္စက္ခန္ဓဖလတာယ သညာဘဝူပဂံ ကမ္မံ ဗဟုဝေဒနီယန္တိ ဝုတ္တံ၊ ဧကက္ခန္ဓဖလတာယ အသညာဘဝူပဂံ ကမ္မံ အပ္ပဝေဒနီယံ၊ ရှိကာနှင့် အညီတည်း။

၉။ ဘိက္ခဝေ၊ တို့။ သတ္တာ၊ သတ္တဝါတို့သည်။ ပုဗ္ဗေကတဟေတု၊ ရှေးဘဝ၌ ပြုအပ်သော အကြောင်းကြောင့်။ သုခဒုက္ခံ၊ ချမ်းသာဆင်းရဲကို။ သစေ ပဋိသံဝေဒေန္တိ၊ အကယ်၍ ခံစားကုန်အံ့။ ဘိက္ခဝေ၊ တို့။ နိဂဏ္ဌာ၊ တို့သည်။ အဒ္ဓါ၊ စင်စစ်။ ပုဗ္ဗေ၊ ၌။ ဒုက္ကဋကမ္မကာရိနော၊ မကောင်းမှုကို ပြုကုန်၏။ ယံ၊ ယင်းသို့ ရှေးဘဝ၌ မကောင်းမှုကို ပြုခြင်းကြောင့်။ တေရဟိ၊ ၌။ ဧဝရူပါ၊ ဤသို့ သဘောရှိကုန်သော။ ဒုက္ခာ၊ ကုန်သော။ တိဗ္ဗာ၊ ကုန်သော။ ကဋုကာ၊ ကုန်သော။ ဝေဒနာ၊ တို့ကို။ ဝေဒိယန္တိ၊ ခံစားကုန်၏။ ဘိက္ခဝေ၊ တို့။ သတ္တာ၊ တို့သည်။ ဣဿရနိမ္မာနဟေတု၊ အစိုးရသူ သည် ဖန်ဆင်းခြင်းဟူသော အကြောင်းကြောင့်။ သုခဒုက္ခံ၊ ကို။ သစေ ပဋိသံဝေဒေန္တိ၊ ကုန်အံ့။ ဘိက္ခဝေ၊ တို့။ နိဂဏ္ဌာ၊ တို့ကို။ အဒ္ဓါ၊ မချွတ်။ ပါပကေန၊ ယုတ်မာသော။ ဣဿရေန၊ အစိုးရ သူသည်။ နိမ္မိတာ၊ ဖန်ဆင်းအပ်ကုန်၏။ ယံ၊ ယင်းသို့ ယုတ်မာသော အစိုးရသူ ဖန်ဆင်းခြင်းကြောင့်။ တေရဟိ၊ ၌။ပ။ ဝေဒိယန္တိ၊ ကုန်၏။ ဘိက္ခဝေ၊ တို့။ သတ္တာ၊ တို့သည်။ သင်္ဂတိဘာဝဟေတု၊ အမြဲ မပြတ်ပေါင်းဆုံသည်၏ အဖြစ်ဟူသော အကြောင်းကြောင့်။ သုခဒုက္ခံ၊ ကို။ သစေ ပဋိသံဝေဒေန္တိ၊ ကုန်အံ့။ ဘိက္ခဝေ၊ တို့။ နိဂဏ္ဌာ၊ တို့သည်။ အဒ္ဓါ၊ စင်စစ်။ ပါပသင်္ဂတိကာ၊ ယုတ်မာသော သူတို့နှင့် ပေါင်းဆုံခြင်း ရှိကုန်၏။ ယံ၊ ယင်းသို့ယုတ်မာသောသူတို့နှင့် ပေါင်းဆုံခြင်းကြောင့်။ တေရဟိ၊ ၌။ပ။ ဝေဒိယန္တိ၊ ကုန်၏။ ဘိက္ခဝေ၊ တို့။ သတ္တာ၊ တို့သည်။ အဘိဇာတိဟေတု၊ ဇာတိ(၆-ပါး) ဟူသော အကြောင်းကြောင့်[၁]။ သုခဒုက္ခံ၊ ကို။ သစေ ပဋိသံဝေဒေန္တိ၊ ကုန်အံ့။ ဘိက္ခဝေ၊ တို့။ နိဂဏ္ဌာ၊ တို့သည်။ အဒ္ဓါ၊ စင်စစ်။ ပါပါဘိဇာတိကာ၊ ယုတ်ညံ့သော ဇာတိရှိကုန်၏။ ယံ၊ ယင်းသို့ယုတ်ညံ့သော ဇာတိ ရှိခြင်းကြောင့်။ တေရဟိ၊ ၌။ပ။ ဝေဒိယန္တိ၊ ကုန်၏။ ဘိက္ခဝေ၊ တို့။ သတ္တာ၊ တို့သည်။ ဒိဋ္ဌဓမ္မူပက္ကမ ဟေတု၊ မျက်မှောက်သောကိုယ်၏ အဖြစ်၌ အားထုတ်ခြင်းဟူသော အကြောင်းကြောင့်။ သုခ ဒုက္ခံ၊ ကို။ သစေ ပဋိသံဝေဒေန္တိ၊ ကုန်အံ့။ ဘိက္ခဝေ၊ တို့။ နိဂဏ္ဌာ၊ တို့သည်။ အဒ္ဓါ၊ စင်စစ်။ ဧဝရူပါ၊ ဤသို့သဘောရှိကုန်သော။ ဒိဋ္ဌဓမ္မူပက္ကမာ၊ မျက်မှောက်သောကိုယ်၏အဖြစ်၌ အားထုတ်ခြင်းရှိ ကုန်၏။ ယံ၊ ယင်းသို့ မျက်မှောက်သောကိုယ်၏ အဖြစ်၌ အားထုတ်မှုရှိခြင်းကြောင့်။ တေရဟိ၊ ၌။ပ။ ဝေဒိယန္တိ၊ ကုန်၏။

ဘိက္ခဝေ၊ တို့။ သတ္တာ၊ တို့သည်။ ပုဗ္ဗေကတဟေတု၊ ကြောင့်။ သုခဒုက္ခံ၊ ကို။ သစေ ပဋိသံ ဝေဒေန္တိ၊ ကုန်အံ့။ နိဂဏ္ဌာ၊ တို့သည်။ ဂါရယှာ၊ ကဲ့ရဲ့ထိုက်ကုန်၏။ သတ္တာ၊ တို့သည်။ ပုဗ္ဗေကတ- ဟေတု၊ ကြောင့်။ သုခဒုက္ခံ၊ ကို။ နော စေ ပဋိသံဝေဒေန္တိ၊ ကုန်အံ့။ နိဂဏ္ဌာ၊ တို့သည်။ ဂါရယှာ၊ ကုန်၏။ပ။ ဘာသန္တိ၊ ဟောက်ကုန်၏။ ဘိက္ခဝေ၊ တို့။ ဧဝံဝါဒါ၊ ဤသို့လျှင်။ အဖလော၊ သော။ ဥပက္ကမော၊ သည်။ ဟောတိ၊ ၏။ အဖလံ၊ သော။ ပဓာနံ၊ သည်။ ဟောတိ၊ ၏။

၁၀။ ဘိက္ခဝေ၊ တို့။ ကထဉ္စ၊ အဘယ်သို့လျှင်။ သဖလော၊ အကျိုးရှိသော။ ဥပက္ကမော၊ သည်။ ဟောတိ၊ ဖြစ်သနည်း။ အဖလံ၊ သော။ ပဓာနံ၊ အားထုတ်ခြင်းသည်။ ဟောတိ၊ နည်း။ ဘိက္ခဝေ၊ တို့။ ဣဓ၊ ဤသာသနာတော်၌။ ဘိက္ခု၊ သည်။ အနဒ္ဓဘူတံ၊ မလွှမ်းမိုးအပ်သော[၂]။

---

၁။ အဘိဇာတိခြောက်ပါးကား-ကဏှာဘိဇာတိ, နီလာဘိဇာတိ, လောဟိတာဘိဇာတိ, ဟလိဒ္ဒါဘိဇာတိ, သုက္ကာဘိဇာတိ, ပရမသုက္ကာဘိဇာတိ။ ဋီ။ ဆဠာဘိဇာတိယောတိ ဆ ဇာတိယော။ အံ-၄-၃-၁၂၆။ အဘိ ဇာတိယောတိ ဧတ္ထ အဘိသဒ္ဒေါ ဥပသဂ္ဂမတ္တံ။ န အတ္ထဝိသေသဇောတကောတိ အာဟ ဆဇာတိယောတိ။ အံ-ဋီ-၂။

၂။ အနဒ္ဓဘူတန္တိ အနဒ္ဓံ ဘူတော တပဋိမယ အဘိဘဝနတ္ထ၊ အဒ္ဓသဒ္ဒေါသည် အဓိသဒ္ဒေါနှင့် တူသောအနက် ရှိ၏၊ အနဒ္ဓဘူတန္တိ ဧတ္ထ အဓိသဒ္ဒေန သမာနတ္ထော အဒ္ဓသဒ္ဒေါတိ အာဟ အနဒ္ဓဘူတန္တိ အနဓိဘူတန္တိ။ ဋီကာ။

အတ္တာနံ၊ မိမိကိုယ်ကို။ ဒုမ္မနံ၊ ဆင်းရဲဖြင့်။ နေ ဟော၀ အဒ္ဒသာဝေတိ၊ မလှမ်းမိုးစေသည်သာ၊ မွေ့ကဲ၊ အသင့်အားဖြင့် ဖြစ်ပေါ်လာသော။ (ဓမ္မေန ဉာယေန အာဂတသုခံ မွေ့ကသုခန္တိ အာဟ သံဃတော ဝါ။ ပ။ ပစ္စယသုခန္တိ။ ဋီကာ။) သုခံ ၈၊ ချမ်းသာကိုလည်း။ န ပရိစ္စဇတိ၊ မစွန့်။ တသ္မိံ စ သုခေ၊ ထိုချမ်းသာ၌လည်း။ အနဓိမုစ္ဆိတော၊ (တဏှာဖြင့်) မမိန်းမော မတွေဝေသည်။ ဟော့တိ၊ ၏။ သော၊ ထိုရဟန်းသည်။ သခ်ီရဲ၊တဏှာကို လွန်စွာဖျက်ဆီးတတ်သောလုံ့ လကို။ ပဒဟတော၊ အားထုတ်သော။ မေ၊ ငါ၏။ သခ်ီရပ္ပဓာနာ၊ တဏှာကို လွန်စွာဖျက်ဆီးတတ်သော လုံ့ လကို အားထုတ်ခြင်းကြောင့်။ ဣမဿ ခေါ ဒုက္ခနိဒါနဿ၊ ဤဆင်းရဲ၏ အကြောင်းတဏှာ၏။ ဝိရာဂေါ၊ တပ်ခြင်းကင်းသည်။ ဟောတိ၊ ၏။ အဇ္ဈုပေက္ခတော၊ လျစ်လျူရှုသော။ ဥပေက္ခံ၊ ဥပေက္ခာဘာဝနာကို။ ဘာဝယတော၊ ပွါးများသော။ မေ၊ ၏။ ဣမဿ ပန ဒုက္ခနိဒါနဿ၊ ၏။ ဝိရာဂေါ၊ သည်။ ဟောတီတိ၊ ၏"ဟူ၍။ ဧဝံ၊ သို့။ ပဇာနာတိ၊ သိ၏။ သော၊ သည်။ (ပဒဟတိ ဘာဝေတိ-တို့၌စပ်။) သခ်ီရံ၊ ကို။ ပဒဟတော၊ သော။ သခ်ီရပ္ပဓာနာ၊ ကြောင့်။ ယဿ၊ အကြင်ပုဂ္ဂိုလ်၏။ အဿ ဒုက္ခနိဒါနဿ၊ ၏။ ဝိရာဂေါ၊ သည်။ ဟောတိ၊ ၏။ တတ္ထ၊ ထိုအရိယာမဂ်၌။ သခ်ီရံ၊ ကို။ ပဒဟတိ၊ အားထုတ်၏။ အဇ္ဈုပေက္ခတော၊ သော။ ဥပေက္ခံ၊ ကို။ ဘာဝယတော၊ သော။ ယဿ ပန၊ ၏ကား။ အဿ ဒုက္ခနိဒါနဿ၊ ၏။ ဝိရာဂေါ၊ သည်။ ဟောတိ၊ ၏။ တတ္ထ၊ ၌။ ဥပေက္ခံ၊ ကို။ ဘာဝေတိ၊ ပွါးများ၏။ သခ်ီရံ၊ ကို။ ပဒဟတော၊ သော။ တဿ၊ ထိုရဟန်း၏။ သခ်ီရပ္ပဓာနာ၊ ကြောင့်။ တဿ ဒုက္ခနိဒါနဿ၊ ၏။ ဝိရာဂေါ၊ သည်။ ဟောတိ၊ ၏။ ဧဝမ္ပိ၊ ဤသို့လည်း။ အဿ၊ ထိုရဟန်း၏။ တံ ဒုက္ခံ၊ ထိုဆင်းရဲသည်။ နိဇ္ဇိဏ္ဏံ၊ ဆွေးမြေ့သည်။ ဟောတိ၊ ၏။ အဇ္ဈုပေက္ခတော၊ သော။ ဥပေက္ခံ၊ ကို။ ဘာဝယတော၊ သော။ တဿ၊ ထိုရဟန်း၏။ တဿ ဒုက္ခနိဒါနဿ၊ ၏။ ဝိရာဂေါ၊ သည်။ ဟောတိ၊ ၏။ ဧဝမ္ပိ၊ လည်း။ အဿ၊ ထိုရဟန်း၏။ တံ ဒုက္ခံ၊ သည်။ နိဇ္ဇိဏ္ဏံ၊ သည်။ ဟောတိ၊ ၏။

၁၁။ ဘိက္ခဝေ၊ တို့။ သေယျထာပိ၊ အုံ့။ ပုရိသော၊ ယောက်ျားသည်။ ဣတ္ထိယာ၊ မိန်းမ၌။ သာရတ္တော၊ ပြင်းစွာတပ်၏။ ပဋိဗဒ္ဓစိတ္တော၊ နှောင်ဖွဲ့အပ်သော စိတ်ရှိ၏။ တိဗ္ဗစ္ဆန္ဒော၊ အားကြီးသော အလိုရမ္မက်ရှိ၏။ တိဗ္ဗာပေက္ခော၊ အားကြီးသော ငဲ့ကွက်မှုရှိ၏။ သော၊ ထိုယောက်ျားသည်။ တံ ဣတ္ထိံ၊ ထိုမိန်းမကို။ အညေန၊ တပါးသော။ ပုရိသေန၊ ယောက်ျားနှင့်။ သဒ္ဓိံ၊ တကွ။ သန္တိဋ္ဌန္တိံ၊ တပေါင်းတည်း ရပ်နေသည်ကို။ သလ္လပန္တိံ၊ တပေါင်းတည်း ပြောဆိုနေသည်ကို။ သဉ္ဇဂ္ဃန္တိံ၊ ရယ်မောနေသည်ကို။ သံဟသန္တိံ၊ ပြုံးရယ်နေသည်ကို။ ပဿေယျ၊ မြင်ရာ၏။ ဘိက္ခဝေ၊ တို့။ တံ၊ ကို။ ကိံ မညထ၊ နည်း။ အမု ပုရိသဿ၊ ထိုယောက်ျား၏ (သန္တာန်၌)။ သောက ပရိဒေဝ ဒုက္ခ-ဒေါမနဿုပါယာသာ-၌စပ်) အမုံ ဣတ္ထိံ၊ ထိုမိန်းမကို။ အညေန၊ တပါးသော။ ပုရိသေန၊ ယောက်ျားနှင့်။ သဒ္ဓိံ၊ တကွ။ သန္တိဋ္ဌန္တိံ၊ ကို။ ပ။ သံဟသန္တိံ၊ ကို။ ဒိသွာ၊ မြင်၍ (မြင်သောကြောင့်သော်လည်းပေး)။ သောကပရိဒေဝဒုက္ခဒေါမနဿုပါယာသာ၊ စိုးရိမ်ခြင်း ငိုကြွေးခြင်း ဆင်းရဲခြင်း နှလုံးမသာယာခြင်း ပြင်းစွာပူပန်ခြင်းတို့သည်။ ဥပ္ပဇ္ဇေယျုံ အပိနု၊ ဖြစ်ကုန်ရာ၏လော။ ဣတိ၊ ဤသို့မေးတော်မူ၏။ ဘန္တေ၊ မြတ်စွာဘုရား။ ဧဝံ၊ မှန်ပါ၏ဘုရား။ တံ၊ ထို (သောကစသည်တို့၏)

၁။ သခ်ီရ-၌ သံပုဗ္ဗ ကရဓာတ် အဘိသင်္ခရဏတ္ထမဟုတ်၊ သံပုဗ္ဗ ခရဓာတ် နာသနတ္ထတည်း။ ထို့ကြောင့် ဋီကာ၌ သာတိသယံ ကရဏတောဟု မဖွင့်မူ၍ သခ်ီရန္တိ ယာတာဒုဒ္ဓါယ သာတိသယံ ခရဏတော သခ်ီရန္တိ လဒ္ဓနာမံ မဂ္ဂဝီရိယံ ဥသောဠှိံ-ဟု ဖွင့်၏။

ဖြစ်ခြင်းသည်။ ကိံ ဟေတု၊ အဘယ်အကြောင်းကြောင့်နည်း။ ဘန္တေ၊ အရှင်ဘုရား။ ဟိယျော၊ အကြောင်းကြောင့်။ အမုပုရိသော၊ ထိုယောကျ်ားသည်။ အမုဿာ ကုလဓီတာယ၊ ထိုမိန်းမ၌။ သာရတ္တော၊ ၏။ ပ။ တိဗ္ဗာပေက္ခော၊ ၏။ တသ္မာ၊ ကြောင့်။ တံ ကုလဓီတံ၊ ကို။ အညေန၊ တပါးသော။ ပုရိသေန၊ နှင့်။ သဒ္ဓိံ၊ တကွ။ သန္တိဋ္ဌန္တိံ၊ ကို။ ပ။ သံဟသန္တိံ၊ ကို။ ဒိသွာ၊ ၍။ သောကပရိဒေဝဒုက္ခဒေါမနဿု-ပါယာသာ၊ တို့သည်။ ဥပ္ပဇ္ဇေယျုံ၊ ကုန်ရာ၏။ ဣတိ၊ ဤသို့မိန့်တော်မူ၏။ ဘိက္ခဝေ၊ တို့။ အထခေါ၊ ၌။ တဿ ပုရိသဿ၊ ၏။ "အဟံခေါ၊ ငါသည်။ အမုဿာ ကုလဓီတာယ၊ ၌။ သာရတ္တော၊ ၏။ ပ။ တိဗ္ဗာပေက္ခော၊ ၏။ တဿ မေ၊ ထိုငါ၏သန္တာန်၌။ အမုံ ကုလဓီတံ၊ ကို။ အညေန၊ သော။ ပုရိသေန၊ နှင့်။ သဒ္ဓိံ၊ တကွ။ သန္တိဋ္ဌန္တိံ၊ ကို။ ပ။ သံဟသန္တိံ၊ ကို။ ဒိသွာ၊ ၍။ သောက-ပရိဒေဝဒုက္ခဒေါမနဿုပါယာသာ၊ တို့သည်။ ဥပ္ပဇ္ဇန္တိ၊ ကုန်၏။ အဟံ၊ သည်။ (ပဇဟေယျံ-၌စပ်) မေ၊ ငါ၏။ အမုဿာ ကုလဓီတာယ၊ ၌။ ယော ဆန္ဒရာဂေါ၊ အကြင် ပြင်းစွာတပ်ခြင်းသည်။ (အတ္ထိ၊ ၏။) တံ၊ ထို(မိန်းမ၌) ပြင်းစွာတပ်ခြင်းကို။ ယံနူန ပဇဟေယျန္တိ၊ ပယ်ရမူကား ကောင်းစွ" ဟူသော။ ဧတံ၊ ဤအကြံသည်။ အဿ၊ ၏။ သော၊ ထိုယောကျ်ားသည်။ (ပဇဟေယျ-၌စပ်) အမုဿာ ကုလဓီတာယ၊ ၌။ ယော ဆန္ဒရာဂေါ၊ သည်။ (အတ္ထိ၊ ၏။) တံ၊ ကို။ ပဇဟေယျ၊ ရာ၏။ သော၊ သည်။ အပရေန၊ သော။ သမယေန၊ ၌။ တံ ကုလဓီတံ၊ ကို။ ပ။ ပဿေယျ၊ မြင်ရာ၏။ ဘိက္ခဝေ၊ တို့။ တံ၊ ကို။ ကိံ မညထ၊ နည်း။ တဿ ပုရိသဿ၊ ၏(သန္တာန်၌)။ အမုံ ကုလဓီတံ၊ ကို။ ပ။ ဥပ္ပဇ္ဇေယျုံ အပိနု၊ ရာကုန်၏လော။ ဣတိ၊ ၏။ ဘန္တေ၊ ဘုရား။ ဧတံ၊ ဤစကားသည်။ နော ဟိ၊ မသင့်ပါ။ တံ၊ ထို(သောကစသည်တို့၏) မဖြစ်ခြင်းသည်။ ကိဿ ဟေတု၊ နည်း။ ဘန္တေ၊ ဘုရား။ ဟိယျော၊ ကြောင့်။ အမု ပုရိသော၊ သည်။ အမုဿာ ကုလဓီတာယ၊ ၌။ ဝိရာဂေါ၊ တပ်ခြင်းကင်း၏။ တသ္မာ၊ ကြောင့်။ တံ ကုလဓီတံ၊ ကို။ ပ။ န ဥပ္ပဇ္ဇေယျုံ၊ မဖြစ်ကုန်ရာ။ ဣတိ၊ ဤသို့မိန့်တော်မူ၏။

ဘိက္ခဝေ၊ တို့။ ဧဝမေဝ၊ သာလျှင်။ ပ။ ဟောတိ၊ ၏။ (ဥပမေယျဝါကျ တဝါကျလုံး ပေယျာလ ထိုးသည်၊ နိဂုံးဝါကျလည်း တူပြီ။)

၁၂။ ဘိက္ခဝေ၊ တို့။ ပုနစပရံ၊ လည်း။ ဘိက္ခု၊ သည်။ "ယထာသုခံ၊ အကြင်အကြင် ချမ်းသာသော အကျင့်ဖြင့်။ (ယံယံ သုခံ ယထာသုခံ၊ တေန-ဟု တတိယာအဗျယီဘောပြု) ဝိဟရတော၊ နေသော။ မေ၊ ငါ၏(သန္တာန်၌)။ အကုသလာ ဓမ္မာ၊ အကုသိုလ်တရားတို့သည်။ အဘိဝဍ္ဎန္တိ၊ တိုးပွါးကုန်၏။ ကုသလာ ဓမ္မာ၊ ကုသိုလ်တရားတို့သည်။ ပရိဟာယန္တိ၊ ဆုတ်ယုတ်ကုန်၏။ ဒုက္ခာယ ပန၊ ဆင်းရဲသောအကျင့်ဖြင့်။ အတ္တာနံ၊ မိမိကိုယ်ကို။ ပဒဟတော၊ အားထုတ်သော။ မေ၊ ၏။(သန္တာန်၌)။ အကုသလာ ဓမ္မာ၊ တို့သည်။ ပရိဟာယန္တိ၊ ကုန်၏။ ကုသလာ ဓမ္မာ၊ တို့သည်။ အဘိဝဍ္ဎန္တိ၊ ကုန်၏။ အဟံ၊ သည်။ ဒုက္ခာယ၊ ဖြင့်။ အတ္တာနံ၊ ကို။ ယံနူန ပဒဟေယျန္တိ၊ အားထုတ်ရမူကား ကောင်းစွ"ဟူ၍။ ဣတိ၊ သို့။ ပဋိသဉ္စိက္ခတိ၊ ဆင်ခြင်၏။ သော၊ ထိုရဟန်းသည်။ ဒုက္ခာယ၊ ဖြင့်။ အတ္တာနံ၊ ကို။ ပဒဟတိ၊ ၏။ ဒုက္ခာယ၊ ဖြင့်။ အတ္တာနံ၊ ကို။ ပဒဟတော၊ သော။ တဿ၊ ထိုရဟန်း၏(သန္တာန်၌)။ အကုသလာ ဓမ္မာ၊ တို့သည်။ ပရိဟာယန္တိ၊ ကုန်၏။ ကုသလာ ဓမ္မာ၊ တို့သည်။ အဘိဝဍ္ဎန္တိ၊ ကုန်၏။ သော၊ ထိုရဟန်းသည်။ အပရေန၊ သော။ သမယေန၊ ၌။ ဒုက္ခာယ၊ ဖြင့်။ အတ္တာနံ၊ ကို။ န ပဒဟတိ၊ အားမထုတ်။ တံ၊ ထိုအားမထုတ်ခြင်းသည်။ ကိဿ ဟေတု၊ နည်း။ ဘိက္ခဝေ၊ တို့။ ဟိ ယသ္မာ၊ ကြောင့်။ သော ဘိက္ခု၊ ထိုရဟန်းသည်။ ယဿ အတ္ထာယ၊ (အကုသိုလ်ဆုတ်ယုတ်၍ ကုသိုလ်တိုးပွါးခြင်းဟူသော) အကြင်အကျိုးငှါ။ ဒုက္ခာယ၊ ဖြင့်။ အတ္တာနံ၊ ကို။ ပဒဟေယျ၊ ရာ၏။ အဿ၊ ထိုရဟန်း၏။ သော အတ္ထော၊

ထိုအကျိုးသည်။ အဘိနိပ္ဖန္နော၊ ပြီးသည်။ ဟောတိ၊ ၏။ တသ္မာ၊ ကြောင့်။ ပ ။ န ပဒဟတိ၊ အားမထုတ်။

ဘိက္ခဝေ၊ တို့။ သေယျထာပိ၊ အံ့။ ဥသုကာရော၊ မြားသမားသည်။ တေဇနံ၊ မြားကောက်ကို။ ဒွီသု၊ နှစ်ဘက်ကုန်သော။ အလာတေသု၊ မီးစတို့၌။ အာတာပေတိ၊ ရှေးရှုပူစေ၏။ (မြိုက်၏။) ပရိတာပေတိ၊ ထက်ဝန်းကျင် ပူစေ၏။ (တမြားလုံး မြိုက်၏။) ဥဇုံ၊ ဖြောင့်အောင်။ ကမ္မနိယံ၊ အမှု၌ ခံ့အောင်။ (ပစ်ကောင်းအောင်)။ ကရောတိ၊ ပြု၏။ ဘိက္ခဝေ၊ တို့။ ယတော၊ ခေါ၊ အကြင် ကြောင့်လျှင်။ ဥသုကာရဿ၊ မြားသမားသည်။ (အာတာပိတံ-စသည်၌စပ်) တေဇနံ၊ မြားကောက်ကို။ (အာတာပိတံ-စသည်၌ပင်စပ်)ဒွီသု၊ ကုန်သော။ အလာတေသု၊ တို့၌။ အာတာပိတံ၊ ရှေးရှုပူစေအပ်ပြီးသည်။ ပရိတာပိတံ၊ ထက်ဝန်းကျင် ပူစေအပ်ပြီးသည်။ ဥဇုံ၊ ဖြောင့်အောင်။ ကမ္မနိယံ၊ အမှု၌ခံ့အောင်။ ကတံ၊ ပြုအပ်ပြီးသည်။ ဟောတိ၊ ၏။ (တတော၊ ထိုကြောင့်။) သော ဥသုကာရော၊ သည်။ အပရေန သမယေန၊ ၌။ တံ တေဇနံ၊ ကို။ ဒွီသု၊ ကုန်သော။ အလာတေသု၊ တို့၌။ န အာတာပေတိ၊ မပူစေ။ န ပရိတာပေတိ၊ ထက်ဝန်းကျင် မပူစေ။ ဥဇုံ၊ အောင်။ ကမ္မနိယံ၊ အောင်။ န ကရောတိ၊ မပြု။ တံ၊ ထိုမပူစေခြင်း စသည်သည်။ ကိဿ ဟေတု၊ နည်း။ ဘိက္ခဝေ၊ တို့။ သော ဥသုကာရော၊ သည်။ ယဿ အတ္ထာယ၊ အကြင် (ဖြောင့်ခြင်းစသော) အကျိုးငှါ။ တေဇနံ၊ ကို။ ပ။ ကရေယျ၊ ရာ၏။ အဿ၊ ထိုမြားသမား၏။ သော အတ္ထော၊ ထိုအကျိုးသည်။ အဘိနိပ္ဖန္နော၊ သည်။ ဟောတိ၊ ၏။ တသ္မာ၊ ကြောင့်။ ပ။ န ကရောတိ၊ မပြု။ ဘိက္ခဝေ၊ တို့။ ဧဝမေဝ ခေါ၊ သာလျှင်။ ပ။ ပဒဟတိ၊ ၏။(ဥပမေယျ ဝါကျအားလုံး ပေယျာလမြှုပ်သည်၊ နိဂုံးဝါကျလည်း တူ၏။)

၁၃။ ဘိက္ခဝေ၊ တို့။ ပုန စပရံ၊ လည်း။ ဣဓလောကေ၊ ဤလောက၌။ အရဟံ၊ ပူဇော်အထူးကိုခံတော်မူထိုက်သော။သမ္မာသမ္ဗုဒ္ဓေါ၊မဖောက်မပြန် ကိုယ်တိုင်သိတော်မူသော။ဝိဇ္ဇာစရဏသမ္ပန္နော၊ အသိဉာဏ် အကျင့်တို့နှင့် ပြည့်စုံတော်မူသော။ သုဂတော၊ ကောင်းသောစကားကို ဆိုတော်မူသော။ လောကဝိဒူ၊လောကကို သိတော်မူသော။အနုတ္တရော၊ မိမိထက် မြတ်သူ မရှိသည် ဖြစ်၍။ပုရိသဒမ္မသာရထိ၊ဆုံးမထိုက်သော ပုဂ္ဂိုလ်တို့ကို ဆုံးမတော်မူသော။ဒေဝမနုဿာနံ၊နတ်လူတို့၏။ သတ္ထာ၊ ဆရာဖြစ်တော်မူသော။ ဗုဒ္ဓေါ၊ သစ္စာလေးပါးကို သိတော်မူသော။ ဘဂဝါ၊ ဘုန်းရှိတော်မူသော။ တထာဂတော၊ မြတ်စွာဘုရားသည်။ ဥပ္ပဇ္ဇတိ၊ ပွင့်တော်မူ၏။ သော၊ ထိုဘုရားသည်။ သဒေဝကံ၊ နတ်ပြည်ငါးထပ်နှင့် တကွသော။ သမာရကံ၊ ဝသဝတ္တီမာရ်မင်းပြည်နှင့်တကွသော။ သဗြဟ္မကံ၊ ဗြဟ္မာ နှစ်ဆယ်နှင့်တကွသော။ ဣမံ လောကံ၊ ဤဩကာသလောကကို။ သဿမဏဗြာဟ္မဏိံ၊ ရဟန်းပုဏ္ဏားနှင့် တကွသော။ သဒေဝမနုဿံ၊ သမ္မုတိနတ်မင်း ကြွင်းသောလူနှင့်တကွသော။ ဣမံ ပဇံ၊ ဤသတ္တလောကကို။ သယံ၊ ကိုယ်တော်တိုင်။ အဘိညာ၊ ထူးသောဉာဏ်ဖြင့် သိ၍။ (ယကြေသည်)။ သစ္ဆိကတွာ၊ မျက်မှောက်ပြု၍။ ပဝေဒေတိ၊ သိစေတော်မူ၏။ သော၊ ထိုဘုရားသည်။ အာဒိကလျာဏံ၊ အစ၌ ကောင်းခြင်းရှိသော။ မဇ္ဈေကလျာဏံ၊ အလယ်၌ ကောင်းခြင်းရှိသော။ပရိယောသာနကလျာဏံ၊ အဆုံး၌ကောင်းခြင်းရှိသော။ သာတ္ထံ၊ အနက်နှင့် ပြည့်စုံသော။ သဗျဉ္ဇနံ၊ သဒ္ဒါနှင့် ပြည့်စုံသော။ ကေဝလပရိပုဏ္ဏံ၊ အလုံးစုံပြည့်စုံသော။ ပရိသုဒ္ဓံ၊ စင်ကြယ်သော။ ဓမ္မံ၊ တရားကို။ ဒေသေတိ၊ ဟောတော်မူ၏။ ဗြဟ္မစရိယံ၊ မြတ်သောအကျင့် ~~ကို။ ပကာသေတိ၊ ထင်ရှားပြုတော်မူ၏။ တံ ဓမ္မံ၊ ထိုတရားကို။ ဂဟပတိ ဝါ၊ သူကြွယ်သည်ဖြင်း။~~ ဂဟပတိပုတ္တော ဝါ၊ သူကြွယ့်သားသည်ဖြင်း။ အညတရသ္မိံ၊ တမျိုးမျိုးသော။ ကုလေ၊ အမျိုး၌။

ပဗ္ဗာဇာတော ဝါ၊ ဖြစ်သောသူသည်ငှင်း။ သုဏာတိ၊ ကြားနာ၏။ သော၊ ထိုအမျိုးကောင်းသားသည်။ တံဓမ္မံ၊ ထိုတရားကို။ သုတွာ၊ ကြားနာရ၍။ တထာဂတေ၊ ငါဘုရား၌။ သဒ္ဓံ၊ ယုံကြည်ခြင်းကို။ ပဋိလဘတိ၊ ရ၏။ သော၊ ထိုအမျိုးကောင်းသားသည်။ တေန သဒ္ဓါပဋိလာဘေန၊ ထိုယုံကြည်မှုကို ရခြင်းနှင့်။ ဝါ၊ ထိုရအပ်သော ယုံကြည်ခြင်းနှင့်။ သမန္နာဂတော၊ ပြည့်စုံသည်ဖြစ်၍။ "ဃရာဝါသော၊ အိမ်၌နေခြင်းသည်။ သမ္ဗာဓော၊ ကျဉ်းမြောင်း၏။ ရဇာပထော၊ ကိလေသာ မြူလမ်းတည်း။ ပဗ္ဗဇ္ဇာ၊ ရဟန်းအဖြစ်သည်။ အဗ္ဘောကာသော၊ လွင်တီးခေါင်နှင့်တူ၏။ အဂါရံ၊ အိမ်၌။ အဇ္ဈာဝသတာ၊ နေသူသည်။ ဧကန္တပရိပုဏ္ဏံ၊ စင်စစ် ပြည့်စုံသော။ ဧကန္တပရိသုဒ္ဓံ၊ စင်စစ် စင်ကြယ်သော။ သင်္ခလိခိတံ၊ ခရုသင်းပွတ်သစ်နှင့် တူသော[၁]။ ဗြဟ္မစရိယံ၊ ဤမြတ်သောအကျင့်ကို။ စရိတုံ၊ ကျင့်ခြင်းငှါ။ န သုကရံ၊ မလွယ်ကူ။ အဟံ၊ သည်။ ကေသမဿုံ၊ ဆံမုတ်ဆိတ်ကို[၂]။ ဩဟာရေတွာ၊ ပယ်၍။ ကာသာယာနိ၊ ဖန်ရည်ဆိုးအပ်ကုန်သော။ ဝတ္ထာနိ၊ အဝတ် (သင်္ကန်း)တို့ကို။ အစ္ဆာဒေတွာ၊ ဖုံးလွှမ်း(ဝတ်ရုံ)၍။ အဂါရသ္မာ၊ မှ။ အနာဂါရိယံ၊ သို့။ ယံ နူန ပဗ္ဗဇေယျန္တိ၊ ဝင်ရောက်ရမူကား ကောင်းစွ"ဟူ၍။ ဣတိ၊ သို့။ ပဋိသဉ္စိက္ခတိ၊ ဆင်ခြင်၏။ သော၊ ထိုအမျိုးကောင်းသားသည်။ အပရေန သမယေန၊ တပါးသောအခါ၌။ အပ္ပံ ဝါ၊ အနည်းငယ်လည်းဖြစ်သော။ ဘောဂက္ခန္ဓံ၊ စည်းစိမ်စုကို။ ပဟာယ၊ ပယ်၍။ မဟန္တံ ဝါ၊ များသည်လည်း ဖြစ်သော။ ဘောဂက္ခန္ဓံ၊ ကို။ ပဟာယ၊ ၍။ အပ္ပံ ဝါ၊ သော။ ဉာတိပရိဝဋ္ဋံ၊ ဆွေမျိုး အဖွဲ့အစည်းကို။ ပဟာယ၊ ၍။ မဟန္တံ ဝါ၊ သော။ ဉာတိပရိဝဋ္ဋံ၊ ကို။ ပဟာယ၊ ၍။ ကေသမဿုံ၊ ကို။ ဩဟာရေတွာ၊ ၍။ ကာသာယာနိ၊ ကုန်သော။ ဝတ္ထာနိ၊ တို့ကို။ အစ္ဆာဒေတွာ၊ ၍။ အဂါရသ္မာ၊ မှ။ အနာဂါရိယံ၊ သို့။ ပဗ္ဗဇတိ၊ ၏။

၁၄။ သော၊ ထိုရဟန်းသည်။ ဧဝံ၊ သို့။ ပဗ္ဗဇိတော၊ သည်။ သမာနော၊ ဖြစ်လတ်သော်။ ဘိက္ခူနံ၊ တို့၏။ သိက္ခာသာဇီဝသမာပန္နော၊ အဓိသီလသိက္ခာ ပညတ်တော်မူအပ်သော သိက္ခာပုဒ်ဟူသော သာဇီဝသို့ ရောက်သည် ဖြစ်၍။ ပါဏာတိပါတံ၊ သူ့အသက်ကို လှုပ်ရှား ချခြင်းကို။ ပဟာယ၊ ၍။ ပါဏာတိပါတာ၊ မှ။ ပဋိဝိရတော၊ ရှောင်ကြဉ်သည်။ ဟောတိ၊ ၏။ နိဟိတဒဏ္ဍော၊ ချအပ်ပြီးသော တုတ်ရှိသည်ဖြစ်၍။ နိဟိတသတ္ထော၊ ချအပ်ပြီးသော ဓားလက်နက် ရှိသည်ဖြစ်၍။ လဇ္ဇီ၊ ရှက်ခြင်း ရှိသည်ဖြစ်၍။ ဒယာပန္နော၊ ချစ်ခြင်းသို့ ရောက်သည်ဖြစ်၍။ သဗ္ဗပါဏဘူတဟိတာနုကမ္ပီ၊ အလုံးစုံသော သတ္တဝါတို့ကို အစီးအပွါးဖြင့် စောင့်ရှောက်ခြင်း ရှိသည်ဖြစ်၍။ ဝိဟရတိ၊ နေ၏။

အဒိန္နာဒါနံ၊ မပေးအပ်သော ဥစ္စာကို ယူခြင်းကို။ ပဟာယ၊ ၍။ အဒိန္နာဒါနာ၊ မှ။ ပဋိဝိရတော၊ သည်။ ဟောတိ၊ ၏။ ဒိန္နာဒါယီ၊ ပေးအပ်သော ဥစ္စာကိုသာ ယူလေ့ရှိသည်။ ဒိန္နပါဋိကင်္ခီ၊ ပေးအပ်သော ဥစ္စာကိုသာ လိုလားသည်။ ဟောတိ၊ ၏။ အထေနေန၊ မခိုးဝှက်သော။ သုစိဘူတေန၊ စင်ကြယ်သည်ဖြစ်၍ ဖြစ်သော။ အတ္တနာ၊ ကိုယ်၏ အဖြစ်ဖြင့်။ ဝိဟရတိ၊ ၏။

အဗြဟ္မစရိယံ၊ မမြတ်သော အကျင့်(မေထုန်)ကို။ ပဟာယ၊ ၍။ ဗြဟ္မစာရီ၊ မြတ်သောအကျင့်ကို ကျင့်လေ့ရှိသည်။ အာရာစာရီ၊ မေထုန်မှ ဝေးစွာကျင့်လေ့ရှိသည်။ ဟောတိ၊ ၏။ ဂါမဓမ္မာ၊ ရွာသူတို့၏ အကျင့်ဖြစ်သော။ မေထုနာ၊ မေထုန်မှ။ ဝိရတော၊ ရှောင်ကြဉ်သည်။ ဟောတိ၊ ၏။

---

၁။ သင်္ခလိခိတ်-ပုဒ်၏ အဖွင့်ကို မ-၁။ စူဠဟတ္ထိပဒေါပမသုတ် (၂၉၁)ပိုဒ်၌ ရှု။
၂။ ကေသမဿု-အဖွင့်ကိုလည်း မ-၁၊ ၎င်းပိုဒ်၌မြင်-ရှု။

မုသာဝါဒံ၊ မဟုတ်မမှန် ပြောဆိုခြင်းကို။ ပဟာယ၊ ၍။ မုသာဝါဒါ၊ မှ။ ပဋိဝိရတော၊ သည်။ ဟောတိ၊ ၏။ သစ္စဝါဒီ၊ အမှန်ကိုသာ ဆိုလေ့ရှိသည်။ သစ္စသန္ဓော၊ အမှန်ချည်းဖြစ်အောင် စပ်တတ်သည်။ ထေတော၊ တည်တံ့သော စကားရှိသည်။ ပစ္စယိကော၊ ယုံကြည်ခြင်းငှါ ထိုက်သူ သည်။ လောကဿ၊ လူအပေါင်းကို။ အဝိသံဝါဒကော၊ မချွတ်ယွင်းစေတတ်သူသည်။ ဟောတိ၊ ၏။

ပိသုဏံ၊ ချောပစ်ကုန်းတိုက်သော။ ဝါစံ၊ စကားကို။ ပဟာယ၊ ၍။ ပိသုဏာယ၊ သော။ ဝါစာယ၊ မှ။ ပဋိဝိရတော၊ သည်။ ဟောတိ၊ ၏။ ဣတော၊ ဤသူတို့ထံမှ။ သုတွာ၊ ကြားရ၍။ ဣမေသံ၊ ဤသူတို့၏။ ဘေဒါယ၊ ကွဲပြားခြင်းငှါ။ အမုတြ၊ ထိုသူတို့ထံ၌။ န အက္ခာတာ၊ မပြောကြားတတ်။ အမုတြ ဝါ၊ ထိုသူတို့အထံ၌လည်း။ သုတွာ၊ ၍။ အမူသံ၊ ထိုသူတို့၏။ ဘေဒါယ၊ ငှါ။ ဣမေသံ၊ ဤသူတို့၏(အထံ)၌။ န အက္ခာတာ၊ တတ်။ ဣတိ၊ သို့။ ဘိန္နာနံ ဝါ၊ ကွဲပြားသောသူတို့ကိုလည်း။ သန္ဓာတာ၊ စေ့စပ်တတ်၏။ သဟိတာနံ ဝါ၊ ညီညွတ်သူတို့ကိုလည်း။ ဝါ၊ တို့အား။ အနုပ္ပဒါတာ၊ ထပ်ဆင့်အားပေးတတ်၏။ သမဂ္ဂါရာမော၊ ညီညွတ်ခြင်းလျှင် မွေ့လျော်ရာရှိသည်။ သမဂ္ဂရတော၊ ညီညွတ်သူတို့၌ မွေ့လျော်သည်။ သမဂ္ဂနန္ဒီ၊ ညီညွတ်မှုကို နှစ်သက်တတ်သည်။ သမဂ္ဂကရဏိံ၊ ညီညွတ်ခြင်းကို ပြုတတ်သော။ ဝါစံ၊ ကို။ ဘာသိတာ၊ ပြောဆိုတတ်သည်။ ဟောတိ၊ ၏။

ဖရုသံ၊ ကြမ်းထမ်းသော။ ဝါစံ၊ ကို။ ပဟာယ၊ ၍။ ဖရုသာယ၊ သော။ ဝါစာယ၊ မှ။ ပဋိဝိရတော၊ သည်။ ဟောတိ၊ ၏။ ယာ သာ ဝါစာ၊ အကြင်စကားသည်။ နေလာ၊ အပြစ်မရှိ။ ကဏ္ဏသုခါ၊ နားချမ်းသာ၏။ ပေမနီယာ၊ ချစ်မြတ်နိုးခြင်းကို ဖြစ်စေတတ်၏။ ဟဒယင်္ဂမာ၊ စိတ်နှလုံးသို့ သက်ဝင်၏။ ပေါရီ၊ ပြည်ကြီးသူတို့၏ အသုံးအနှုန်းသည်။ ဗဟုဇနကန္တာ၊ များစွာသော လူတို့သည် နှစ်သက်အပ်သည်။ ဗဟုဇနမနာပါ၊ များစွာသော လူတို့၏ စိတ်ကို ပွါးတိုးစေတတ် သည်။ ဟောတိ၊ ၏။ တထာရူပိံ၊ ထိုသို့သဘောရှိသော။ ဝါစံ၊ ကို။ ဘာသိတာ၊ သည်။ ဟောတိ၊ ၏။

သမ္ဖပ္ပလာပံ၊ ပြိန်ဖျင်းသော စကားကို။ ပဟာယ၊ ၍။ သမ္ဖပ္ပလာပါ၊ မှ။ ပဋိဝိရတော၊ သည်။ ဟောတိ၊ ၏။ ကာလဝါဒီ၊ သင့်သောအခါ၌ ဆိုလေ့ရှိသည်။ ဘူတဝါဒီ၊ သဘာဝအမှန်ကိုသာ ပြောဆိုလေ့ရှိသည်။ အတ္ထဝါဒီ၊ အကျိုးရှိကိုသာ ဆိုလေ့ရှိသည်။ ဓမ္မဝါဒီ၊ တရားသဘောကိုသာ ဆိုလေ့ရှိသည်။ ဝိနယဝါဒီ၊ အဆုံးအမကိုသာ ဆိုလေ့ရှိသည်။ နိဓာနဝတိံ၊ နှလုံးလျှင် ထားရာ အရပ်ရှိသော။ သာပဒေသံ၊ အကြောင်းနှင့်တကွသော။ ပရိယန္တဝတိံ၊ အပိုင်းအခြားရှိသော။ အတ္ထသံဟိတံ၊ အကျိုးနှင့် ပြည့်စုံသော။ ဝါစံ၊ ကို။ ကာလေန၊ လျောက်ပတ်သောအခါ၌။ ဘာသိတာ၊ သည်။ ဟောတိ၊ ၏။

သော၊ ထိုရဟန်းသည်။ ဗီဇဂါမဘူတဂါမသမာရမ္ဘာ၊ မျိုးစေ့အပေါင်း အပင်အပေါင်းကို ဖျက်ဆီးခြင်းမှ။ ပဋိဝိရတော၊ သည်။ ဟောတိ၊ ၏။ ဧကဘတ္တိကော၊ တထပ်သာစားလေ့ရှိသည်။ ရတ္တူပရတော၊ ညစာစားခြင်းမှ ရှောင်ကြဉ်သည်။ ဝိကာလဘောဇနာ၊ နေလွဲအခါစားခြင်းမှ။ ဝိရတော၊ ရှောင်ကြဉ်သည်။ ဟောတိ၊ ၏။ နစ္စ ဂီတ ဝါဒိတ ဝိသူက ဒဿနာ၊ ကခြင်း ကစေခြင်း သီဆိုခြင်း သီဆိုစေခြင်း တီးမှုတ်ခြင်း တီးမှုတ်စေခြင်း လိုကငြင်း စသည်တို့ကို ဖြောင့်တံကျင် သံမှုတ်မြော်သော ကြည့်ရှုနားထောင်ခြင်းမှ။ ပဋိဝိရတော၊ သည်။ ဟောတိ၊ ၏။ မာလာဂန္ဓ

ဝိလေပန မာရဏ မဏ္ဍန ဝိဘူသနဋ္ဌာနာ၊ ပန်းပန်ခြင်း နံ့သာလိမ်းခြင်း နံ့သာပျောင်းတို့ဖြင့် အပြေအပြစ်ပြုခြင်း (တို့၏အကြောင်း စေတနာ) မှ ။ပ။ ဥစ္စာသယနမဟာသယနာ၊ မြင့်သောနေရာ မြတ်သောနေရာမှ[၁]။ (မြင့်သောနေရာ၌အိပ်ခြင်း မြတ်သောနေရာ၌ အိပ်ခြင်းမှသော်လည်းပေး) ။ပ။ဇာတရူပရဇတပဋိဂ္ဂဟဏာ၊ ရွှေငွေကိုခံယူခြင်းမှ။ပ။ အာမကဓညပဋိဂ္ဂဟဏာ၊ စပါးစိမ်းကို ခံယူခြင်းမှ။ပ။အာမကမံသ ပဋိဂ္ဂဟဏာ၊ အသားစိမ်းကို ခံယူခြင်းမှ။ပ။ဣတ္ထိကုမာရိကပဋိဂ္ဂဟဏာ၊ အိမ်ထောင်ကျပြီးမိန်းမ မကျသေးသောမိန်းမပျိုတို့ကို ခံယူခြင်းမှ။ပ။ ဒါသိဒါသပဋိဂ္ဂဟဏာ၊ ကျွန်မိန်းမ ကျွန်ယောကျ်ားတို့ကို ခံယူခြင်းမှ။ပ။အဇေဠကပဋိဂ္ဂဟဏာ၊ဆိတ်နှင့်သိုးတို့ကို ခံယူခြင်းမှ။ပ။ကုက္ကုဋသူကရ ပဋိဂ္ဂဟဏာ၊ ကြက်ဝက်တို့ကို ခံယူခြင်းမှ ။ပ။ ဟတ္ထိဂဝဿဝဠဝပဋိဂ္ဂဟဏာ၊ ဆင် နွား မြင်း မြည်းတို့ကို ခံယူခြင်းမှ။ပ။ခေတ္တဝတ္ထုပဋိဂ္ဂဟဏာ၊ လယ်ယာတို့ကို ခံယူခြင်းမှ။ပ။ ဒူတေယျပဟိဏဂမနာနုယောဂါ၊ တမန်အမှု အစေခံသွားလာမှုတို့ကို အားထုတ်ခြင်းမှ။ပ။ကယ-ဝိက္ကယာ၊ ဝယ်မှု ရောင်းမှုမှ။ပ။ တုလာကူဋ ကံသကူဋ မာနကူဋာ၊ ချိန်စဉ်းလဲ အသပြာစဉ်းလဲ ချင့်စဉ်းလဲမှု။ပ။ဥက္ကောဋန ဝဉ္စန နိကတိသာဝိယောဂါ၊ တံစိုးယူခြင်း လှည့်ပတ်လိမ်လည်ခြင်း တည်းဟူသော ကောက်ကျစ် (ညစ်ပတ်) ခြင်းမှ။ပ။ဆေဒန ဝဓ ဗန္ဓန ဝိပရာမောသ အာလောပ သဟသာကာရာ၊ ဖြတ်ခြင်း သတ်ခြင်း နှောင်ဖွဲ့ခြင်း လုယက်ခြင်း ဖျက်ဆီးခြင်း နိုင်ထက်စီးနင်း (ဓားပြတိုက်) ပြုခြင်းမှ။ ပဋိဝိရတော၊ သည်။ ဟောတိ၊ ၏။

သော၊ ထိုရဟန်းသည်။ကာယပရိဟာရိကေန၊ ကိုယ်ကိုဆောင်နိုင်ရုံ(ဝတ်လောက်ရုံ)မျှသော။ စီဝရေန၊ သင်္ကန်းဖြင့်၎င်း။ ကုစ္ဆိပရိဟာရိကေန၊ ဝမ်းကိုဆောင်နိုင်ရုံ (အဆာပြေရုံ) မျှသော။ ပိဏ္ဍပါတေန၊ ဆွမ်းဖြင့်၎င်း။ သန္တုဋ္ဌော၊ ရောင့်ရဲသည်။ ဟောတိ၊ ၏။ သော၊ သည်။ ယေန ယေနေဝ၊ အကြင်အကြင်အရပ်သို့သာလျှင်။ ပက္ကမတိ၊ ဖဲသွား၏။ (တေန တေနေဝ၊ သို့သာလျှင်။) သမာဒါယေဝ၊ ပရိက္ခရာကို ဆောင်ယူ၍သာလျှင်။ ပက္ကမတိ၊ ၏။ သေယျထာပိ နာမ၊ ဖြစ်သင့်ဖြစ်ရာ ဥပမာကိုဆိုအံ့။ ပက္ခီ၊ အတောင်ရှိသော။ သကုဏော၊ ငှက်သည်။ ယေန ယေနေဝ၊ သို့သာလျှင်။ ဍေတိ၊ ပျံ၏။ (တေန တေနေဝ၊ သို့သာလျှင်။) သပတ္တဘာရောဝ၊ အတောင် တည်းဟူသော ဝန်ရှိသည်ဖြစ်၍သာလျှင်။ ဍေတိ၊ ပျံ၏။ ဧဝမေဝ၊ သာလျှင်။ ဘိက္ခု၊ သည်။ပ။ ပက္ကမတိ၊ ၏။ သော၊ သည်။ အရိယေန၊ အပြစ်ကင်းသော။ ဣမိနာ သီလက္ခန္ဓေန၊ ဤသီလ အစုနှင့်။ (သီလဂုဏ်နှင့်သော်လည်းပေး) သမန္နာဂတော၊ ပြည့်စုံသည်ဖြစ်၍။ အဇ္ဈတ္တံ၊ မိမိ သန္တာန်၌ဖြစ်သော။ အနဝဇ္ဇသုခံ၊ အပြစ်မဲ့ချမ်းသာကို။ ပဋိသံဝေဒေတိ၊ ခံစား၏။

၁၅။ သော၊ ထိုရဟန်းသည်။ စက္ခုနာ၊ မျက်စိဖြင့်။ ရူပံ၊ အဆင်းကို။ ဒိသွာ၊ မြင်၍။ န နိမိတ္တဂ္ဂါဟီ၊ (ယောကျ်ား မိန်းမ လှ မလှဟု အကြမ်းအားဖြင့် ခွဲခြားသော) အမှတ်အသားကို မယူလေ့ရှိသည်။ နာနုဗျဉ္ဇနဂ္ဂါဟီ၊ (လက်ခြေသဏ္ဌာန် ပြုံးရယ်ဟန်စသော အသေးစိတ်) ထင်ရှားသော အမှတ်အသားကို မယူလေ့ရှိသည်။ဟောတိ၊ ၏။ ယတွာဓိကရဏံ၊ အကြင်စက္ခုန္ဒြေဟူသော အကြောင်းကြောင့်။ စက္ခုန္ဒြိယံ၊ စက္ခုန္ဒြေကို။ အသံဝုတံ၊ မစောင့်စည်းသည်ဖြစ်၍။ ဝိဟရန္တံ၊ နေသော။ ဧနံ၊ ထိုရဟန်းကို။ အဘိဇ္ဈာဒေါမနဿာ၊ အဘိဇ္ဈာဒေါမနဿဟု ဆိုအပ်ကုန်သော။ ပါပကာ၊ ယုတ်မာကုန်သော။ အကုသလာဓမ္မာ၊ အကုသိုလ်တရားတို့သည်။ အနွာသဝေယျုံ၊

[၁] ၎င်းပုဒ်အမှာကိုလည်း မ-၁၊ ၎င်းအပိုဒ်၌ပင်ရှု။

အစဉ်လိုက်ကုန်ရာ၏။ ယထာ၊ ထိုစက္ခုန္ဒြေကို။သံဝရာယ၊ စောင့်စည်းခြင်းငှါ။ ပဋိပဇ္ဇတိ၊ ကျင့်၏။ စက္ခုန္ဒြိယံ၊ ကို။ ရက္ခတိ၊ စောင့်၏။။ စက္ခုန္ဒြိယေ၊ ၌။ သံဝရံ၊ သို့။ အာပဇ္ဇတိ၊ ရောက်၏။ သောတေန၊ နားဖြင့်။ သဒ္ဒံ၊ အသံကို။ .သုတွာ၊ ကြား၍။ပ။ ဃာနေန၊ နှာခေါင်းဖြင့်။ ဂန္ဓံ၊ အနံ့ကို။ဃာယိတွာ၊.နမ်း၍။ပ။ ဇိဝှါယ၊ လျှာဖြင့်။ ရသံ၊ အရသာကို။ သာယိတွာ၊ လျက်၍။ပ။ ကာယေန၊ ကိုယ်ဖြင့်။ ဖောဋ္ဌဗ္ဗံ၊ တွေ့ထိအပ်သောအရာကို။ ဖုသိတွာ၊ တွေ့ထိ၍။ပ။ မနသာ၊ စိတ်ဖြင့်။ ဓမ္မံ၊ သဘောတရားကို။ ဝိညာယ၊သိ၍။ပ။ အာပဇ္ဇတိ၊ ၏။ သော၊ သည်။ အရိယေန၊ သော။ ဣမိနာ ဣန္ဒြိယသံဝရေန၊ ဤဣန္ဒြေခြောက်ပါးကို စောင့်ခြင်းနှင့်။ သမန္နာဂတော၊ သည် (ဖြစ်၍)။အဇ္ဈတ္တံ၊ သော။အဗျာသေကသုခံ၊ကိလေသာတို့ဖြင့် မသွန်းလောင်းအပ်သော ချမ်းသာကို။ ပဋိသံဝေဒေတိ၊ ခံစား၏။

သော၊ သည်။ အဘိက္ကန္တေ၊ ရှေ့တိုးရာ၌ရင်း။ ပဋိက္ကန္တေ၊ နောက်ဆုတ်ရာ၌ရင်း။ သမ္ပဇာန-ကာရီ၊ သည်။ ဟောတိ၊၏။ အာလောကိတေ၊ တည့်တည့်ကြည့်ရာ၌ရင်း။ ဝိလောကိတေ၊ စောင်းငဲ့ကြည့်ရာ၌ရင်း။ သမ္ပဇာနကာရီ၊ သည်။ ဟောတိ၊ ၏။ သမိဉ္ဇိတေ၊ ကွေးရာ၌ရင်း။ ပသာရိတေ၊ ဆန့်ရာ၌ရင်း။ သမ္ပဇာနကာရီ၊ သည်။ ဟောတိ၊ ၏။ သံဃာဋိပတ္တစီဝရဓာရဏေ၊ သင်္ကန်းကြီး သပိတ်သင်္ကန်းတို့ကို သုံးစွဲသောအားဖြင့် ဆောင်ရာ၌။ သမ္ပဇာနကာရီ၊ သည်။ ဟောတိ၊ ၏။ အသိတေ၊ စားရာ၌ရင်း။ ပီတေ၊ သောက်ရာ၌ရင်း။ ခါယိတေ၊ ခဲကိုက်ရာ၌ရင်း။ သာယိတေ၊ လျက်ရာ၌ရင်း။ သမ္ပဇာနကာရီ၊ သည်။ ဟောတိ၊ ၏။ ဥစ္စာရပဿာဝကမ္မေ၊ ကျင်ကြီးကျင်ငယ်ပြုရာ၌။ သမ္ပဇာနကာရီ၊ သည်။ ဟောတိ၊ ၏။ ဂတေ၊ သွားရာ၌ရင်း။ ဌိတေ၊ ရပ်ရာ၌ရင်း။ နိသိန္နေ၊ ထိုင်ရာ၌ရင်း။ သုတ္တေ၊ အိပ်ရာ၌ရင်း။ ဇာဂရိတေ၊ နိုးရာ၌ရင်း။ ဘာသိ-တေ၊ ပြောဆိုရာ၌ရင်း။ တုဏှီဘာဝေ၊ ဆိတ်ဆိတ်နေရာ၌ရင်း။သမ္ပဇာနကာရီ၊သည်။ဟောတိ၊၏။

၁၆။ သော၊ သည်။ အရိယေန၊ အပြစ်ကင်းသော။ ဣမိနာ စ သီလက္ခန္ဓေန၊ ဤသီလအစုနှင့်လည်း။ သမန္နာဂတော၊ ပြည့်စုံသည်ဖြစ်၍။ အရိယာယ၊ သော။ ဣမာယ စ သန္တုဋ္ဌိယာ၊ ဤရောင့်ရဲခြင်းနှင့်လည်း။ သမန္နာဂတော၊ ၍။ အရိယေန၊ သော။ ဣမိနာ စ ဣန္ဒြိယသံဝရေန၊ ဤဣန္ဒြေခြောက်ပါးကို စောင့်ခြင်းနှင့်လည်း။ သမန္နာဂတော၊ ၍။ အရိယေန၊ သော။ ဣမိနာ စ၊ သတိသမ္ပဇညေန၊ ဤသတိသမ္ပဇဉ်နှင့်လည်း။ သမန္နာဂတော၊ ၍။ ဝိဝိတ္တံ၊ လူတို့မှဆိတ်သော။ သေနာသနံ၊ အိပ်ရာနေရာဟူသော။ အရညံ၊ တောကိုရင်း။ ရုက္ခမူလံ၊သစ်ပင်ရင်းကိုရင်း။ ပဗ္ဗတံ၊ တောင်ကိုရင်း။ ကန္ဒရံ၊ ချောက်ကိုရင်း။ ဂိရိဂုဟံ၊ ဂူကိုရင်း။ သုသာနံ၊ သင်းချိုင်းကိုရင်း။ ဝနပတ္ထံ၊ တောအုပ်ကိုရင်း။ အဗ္ဘောကာသံ၊ လွင်တီးခေါင်ကိုရင်း။ ပလာလပုဉ္ဇံ၊ ကောက်ရိုးပုံကိုရင်း။ ဘဇတိ၊ မှီဝဲ၏။

သော၊ သည်။ ပစ္ဆာဘတ္တံ၊ ဆွမ်းစားပြီးသည့်နောက်၌။ ပိဏ္ဍပါတပဋိက္ကန္တော၊ ဆွမ်းခံရွာမှဖဲပြီးသော်။ ပလ္လင်္ကံ၊ ထက်ဝယ်ကို။ အာဘုဇိတွာ၊ ဖွဲ့ခွေ၍။ ကာယံ၊အထက်ပိုင်းကိုယ်ကို။ ဥဇုံ၊ ဖြောင့်စွာ။ ပဏိဓာယ၊ ထား၍။ ပရိမုခံ၊ ကမ္မဋ္ဌာန်းသို့ရှေးရှု။ သတိံ၊ သတိကို။ ဥပဋ္ဌပေတွာ၊ ဖြစ်စေ၍။ နိသီဒတိ၊ ထိုင်၏။

ရှိသော။ စေတသော၊ စိတ်ဖြင့်။ ဝိဟရတိ၊ နေ၏။ အာတိဏ္ဏာယ၊ မှ။ စိတ္တံ၊ ကို။ ပရိသောဓေတိ၊ စင်ကြယ်စေ၏။

ဗျာပါဒပဒေါသံ၊ ဖောက်ပြန်ခြင်းသို့ရောက်ကြောင်းဖြစ်သော မိမိလည်းပျက်စီး သူတပါးကိုလည်း ဖျက်ဆီးတတ်သောဒေါသကို။ ပဟာယ၊ ၍။ အဗျာပန္နစိတ္တော၊ ဒေါသကင်းသောစိတ်ရှိသည်ဖြစ်၍။ သဗ္ဗပါဏဘူတဟိတာနုကမ္ပီ၊အလုံးစုံသောသတ္တဝါတို့ကို အစီးအပွါးဖြင့် စောင့်ရှောက်လေ့ရှိသည်ဖြစ်၍။ ဝိဟရတိ၊ ၏။ ဗျာပါဒပဒေါသာ၊ မှ။ စိတ္တံ၊ကို။ ပရိသောဓေတိ၊ ၏။

ထိနမိဒ္ဓံ၊ ထိနမိဒ္ဓကို။ ပဟာယ၊ ၍။ ဝိဂတထိနမိဒ္ဓေါ၊ ကင်းပြီးသော ထိနမိဒ္ဓရှိသည်ဖြစ်၍။ အာလောကသညီ၊အလင်းရောင်ဟု အမှတ်ရှိသည်ဖြစ်၍။သတော၊သတိရှိသည်ဖြစ်၍။ သမ္ပဇာနော၊ အဆင်ခြင်ပညာရှိသည်ဖြစ်၍။ ဝိဟရတိ၊ ၏။ ထိနမိဒ္ဓါ၊ မှ။ စိတ္တံ၊ ကို။ ပရိသောဓေတိ၊၏။

ဥဒ္ဓစ္စကုက္ကုစ္စံ၊ ကို။ ပဟာယ၊ ၍။ အနုဒ္ဓတော၊ မပျံ့လွင့်သည်ဖြစ်၍။ အဇ္ဈတ္တံ၊ မိမိသန္တာန်၌။ ဝူပသန္တစိတ္တော၊ ငြိမ်သက်သောစိတ်ရှိသည်ဖြစ်၍။ ဝိဟရတိ၊ ၏။ ဥဒ္ဓစ္စကုက္ကုစ္စာ၊ မှ။ စိတ္တံ၊ ကို။ ပရိသောဓေတိ၊ ၏။

ဝိစိကိစ္ဆံ၊ ကို။ ပဟာယ၊ ၍။ တိဏ္ဏဝိစိကိစ္ဆော၊ လွန်မြောက်ပြီးသော ဝိစိကိစ္ဆာရှိသည်ဖြစ်၍။ ကုသလေသု ဓမ္မေသု၊ ကုသိုလ်တရားတို့၌။ အကထံကထီ၊ သို့လောသို့လော ယုံမှားခြင်းမရှိသည်ဖြစ်၍။ ဝိဟရတိ၊ ၏။ ဝိစိကိစ္ဆာ၊ မှ။ စိတ္တံ၊ ကို။ ပရိသောဓေတိ၊ ၏။

သော၊ ထိုရဟန်းသည်။ စေတသော၊ စိတ်ကို။ ဥပက္ကိလေသေ၊ ညစ်ညူးစေတတ်ကုန်သော။ ပညာယ၊ ပညာကို။ ဒုဗ္ဗလီကရဏေ၊ အားနည်းအောင်ပြုတတ်ကုန်သော။ ဣမေ ပဉ္စ နီဝရဏေ၊ ဤငါးပါးကုန်သော နီဝရဏတို့ကို။ ပဟာယ၊ ၍။ ကာမေဟိ၊ ဝတ္ထုကာမ ကိလေသာကာမတို့မှ။ ဝိဝိစ္စေဝ၊ ကင်းဆိတ်၍သာလျှင်။ အကုသလေဟိ ဓမ္မေဟိ၊ အကုသိုလ်တရားတို့မှ။ ဝိဝိစ္စ၊ ၍သာလျှင်။ သဝိတက္ကံ၊ ဝိတက်နှင့်တကွသော။ သဝိစာရံ၊ ဝိစာရနှင့်တကွသော။ ဝိဝေကဇံ၊နီဝရဏတို့မှ ကင်းခြင်းကြောင့်ဖြစ်သော။ပီတိသုခံ၊ ပီတိ ဖရဏာပီတိ စေတသိကသုခရှိသော။ ပဌမံ ဈာနံ၊ပဌမဈာန်ကို။ ဥပသမ္ပဇ္ဇ၊ ပြည့်စုံစေ၍။ ဝိဟရတိ၊ ၏။ ဘိက္ခဝေ၊ တို့။ ဧဝမ္ပိ၊ လည်း။ပ။ ဟောတိ၊၏။

ဘိက္ခဝေ၊ တို့။ ပုန စပရံ၊ လည်း။ ဘိက္ခု၊ သည်။ ဝိတက္ကဝိစာရာနံ၊ ဝိတက်ဝိစာရတို့၏။ ဝူပသမာ၊ ငြိမ်းခြင်းကြောင့်။ အဇ္ဈတ္တံ၊ မိမိသန္တာန်၌။ စေတသော၊ စိတ်ကို။ သမ္ပသာဒနံ၊ ကြည်စေတတ်သော။ စေတသော၊ စိတ်၏။ ဧကောဒိဘာဝံ၊ မြတ်သောသမာဓိကို ဖြစ်စေတတ်သော။ အဝိတက္ကံ၊ ဝိတက်လည်းမရှိသော။ အဝိစာရံ၊ ဝိစာရလည်းမရှိသော။ သမာဓိဇံ၊ ပဌမဈာန်သမာဓိကြောင့်ဖြစ်သော။ ပီတိသုခံ၊ ပီတိသုခရှိသော။ ဒုတိယံ ဈာနံ၊ ဒုတိယဈာန်ကို။ ဥပသမ္ပဇ္ဇ၊ ၍။ ဝိဟရတိ၊ ၏။ ဘိက္ခဝေ၊ တို့။ ဧဝမ္ပိ၊ လည်း။ပ။ ဟောတိ၊ ၏။

ဘိက္ခဝေ၊ တို့။ ပုန စပရံ၊ လည်း။ ဘိက္ခု၊ သည်။ ပီတိယာ၊ ပီတိကို။ ဝိရာဂါ စ၊ စက်ဆုပ်ခြင်းကြောင့်လည်း။ (စဖြင့် ဝိတက္ကဝိစာရာနံ ဝူပသမာကိုပြန်၍ဆည်း)။ ဥပေက္ခကော စ၊ လျစ်လျူရှုသည်ဖြစ်၍၎င်း။ သတော စ၊ သတိရှိသည်ဖြစ်၍၎င်း။ သမ္ပဇာနော စ၊ အဆင်ခြင်ပညာရှိသည်ဖြစ်၍၎င်း။ ဝိဟရတိ၊ ၏။ သုခဉ္စ၊သုခနှစ်ပါးကိုလည်း။ကာယေန၊နာမကာယဖြင့်။ ပဋိသံဝေဒေတိ၊ ခံစား၏။ ယံ၊အကြင် (တတိယဈာန်ဟူသော) အကြောင်းကြောင့်။ တံ၊ ထိုတတိယဈာန်ရှင်ပုဂ္ဂိုလ်ကို။ အရိယာ၊ (ဘုရားအစရှိသော) အရိယာပုဂ္ဂိုလ်တို့သည်။ "ဥပေက္ခကော၊ (တတိယဈာန်

ချမ်းသာကိုပင်) လျှစ်လျူရှုနိုင်ပေသောသူ။ သတိမာ၊ သတိရှိပေသောသူ။ ဥသုခမိဟာသီတိ၊ ချမ်းသာစွာ နေလေ့ရှိပေသောသူ" ဟူ၍။ အာစိက္ခန္တိ၊ ချီးမွမ်းပြောဆိုကြကုန်၏။ တံ တတိယံ ဈာနံ၊ ထို တတိယဈာန်ကို။ ဥပသမ္ပဇ္ဇ၊ ၍။ ဝိဟရတိ၊ ၏။ ဘိက္ခဝေ၊ တို့။ ဝေမှိ၊ လည်း။ပ။ ဟောတိ၊ ၏။

ဘိက္ခဝေ၊ တို့။ ပုန စပရံ၊ လည်း။ ဘိက္ခု၊ သည်။ သုခဿ စ၊ ကာယိကသုခကိုလည်း။ ပဟာနာ၊ ပယ်ခြင်းကြောင့်။ ဒုက္ခဿ စ၊ ကာယိကဒုက္ခကိုလည်း။ ပဟာနာ၊ ကြောင့်။ ပုဗ္ဗေဝ၊ ရှေး၌သာလျှင်။ (စတုတ္ထဈာန်ဥပစာရက္ခဏကို ယူ)။ သောမနဿ ဒေါမနဿာနံ၊ သောမနဿဝေဒနာ (စေတသိကသုခ) ဒေါမနဿဝေဒနာ (စေတသိကဒုက္ခ) တို့၏။ အတ္ထင်္ဂမာ၊ ချုပ်ခြင်းကြောင့်။ အဒုက္ခမသုခံ၊ ဒုက္ခလည်းမဟုတ် သုခလည်း မဟုတ်သော။ ဥပေက္ခာသတိပါရိသုဒ္ဓိံ၊ ဥပေက္ခာသည် ဖြစ်စေအပ်သော သတိ၏ စင်ကြယ်ခြင်းရှိသော။ စတုတ္ထံ ဈာနံ၊ စတုတ္ထ ဈာန်ကို။ ဥပသမ္ပဇ္ဇ၊ ၍။ ဝိဟရတိ၊ ၏။ ဘိက္ခဝေ၊ တို့။ ဝေမှိ၊ လည်း။ပ။ ဟောတိ၊ ၏။

၁၇။ သော၊ သည်။ စိတ္တေ၊ သည်။ ဧဝံ၊ သို့။ သမာဟိတေ၊ တည်ကြည်သော်။ ပရိသုဒ္ဓေ၊ စင်ကြယ်သော်။ ပရိယောဒါတေ၊ ဖြူစင်သော်။ အနင်္ဂဏေ၊ ကိလေသာ မရှိသော်။ ဝိဂတူပက္ကိလေသေ၊ ကင်းပြီးသော ကိလေသာရှိသော်။ မုဒုဘူတေ၊ နူးညံ့စွာ ဖြစ်လတ်သော်။ ကမ္မနိယေ၊ အမှုအားခန့်သော်။ ဌိတေ၊ တည်သော်။ အာနေဉ္ဇပ္ပတ္တေ၊ မတုန်လှုပ်ခြင်းသို့ ရောက်လတ်သော်။ ပုဗ္ဗေနိဝါသာနုဿတိဉာဏာယ၊ ပုဗ္ဗေနိဝါသာနုဿတိဉာဏ်အကျိုးငှါ။ စိတ္တံ၊ စိတ်ကို။ အဘိနိန္နာမေတိ၊ ညွတ်စေ၏။ သော၊ သည်။ အနေကဝိဟိတံ၊ များသောအပြားတို့ဖြင့် စီရင်အပ်သော။ ပုဗ္ဗေနိဝါသံ၊ ရှေး၌နေဘူးသော ခန္ဓာအစဉ်ကို။ အနုဿရတိ၊ အစဉ်လျှောက်၍ အောက်မေ့၏။ သေယျထိဒံ၊ အဘယ်ရှေးခန္ဓာအစဉ်ကို။ (အနုဿရတိ၊ နည်း။) ဧကမ္ပိ ဇာတိံ၊ တဘဝကိုငှင်း။ပ။ အနေကေပိ သံဝဋ္ဋဝိဝဋ္ဋကပ္ပေ၊ များသော သံဝဋ္ဋ ဝိဝဋ္ဋကပ်တို့ကိုငှင်း။ "အမုတြ၊ ထိုဘဝ၌။ ဧဝံနာမော၊ ဤသို့သောအမည်ရှိသည်။ ဧဝံ ဂေါတ္တော၊ ဤသို့သော အနွယ်ရှိသည်။ ဧဝံ ဝဏ္ဏော၊ ဤသို့သောအဆင်းရှိသည်။ ဧဝမာဟာရော၊ ဤသို့သော အစာအာဟာရရှိသည်။ ဧဝံ သုခ ဒုက္ခပဋိသံဝေဒီ၊ ဤသို့သော ချမ်းသာဆင်းရဲကို ခံစားလေ့ရှိသည်။ ဧဝမာယုပရိယန္တော၊ ဤသို့သော အသက်အပိုင်းအခြားရှိသည်။ အာသိံ၊ ဖြစ်ဘူးပြီ။ သော၊ ထိုငါသည်။ တတော၊ ထိုဘဝမှ။ စုတော၊ စုတေသော်။ အမုတြ၊ ထိုဘဝ၌။ ဥဒပါဒိံ၊ ဖြစ်ပြီ။ တတြာပိ၊ ထိုဘဝ၌လည်း။ ဧဝံနာမော၊ သည်။ပ။ အာသိံ၊ ပြီ။ သော၊ ထိုငါသည်။ တတော၊ ထိုဘဝမှ။ စုတော၊ သော်။ ဣဓ၊ ဤဘဝ၌။ ဥပပန္နောတိ၊ ဖြစ်ပြီ" ဟူ၍။ (အနုဿရတိ၊ ၏။) ဣတိ၊ သို့။ သာကာရံ၊ အဆင်းစသော အခြင်းအရာနှင့်တကွသော။ သဥဒ္ဒေသံ၊ အမည်အနွယ်ဟူသော ညွှန်ပြဖွယ်နှင့် တကွသော။ အနေကဝိဟိတံ၊ သော။ ပုဗ္ဗေနိဝါသံ၊ ကို။ အနုဿရတိ၊ ၏။ ဘိက္ခဝေ၊ တို့။ ဝေမှိ၊ လည်း။ပ။ ဟောတိ၊ ၏။

၁၈။ သော၊ သည်။ပ။ သတ္တာနံ စုတူပပါတဉာဏာယ၊ သတ္တဝါတို့၏ စုတိပဋိသန္ဓေကို သိသော ဉာဏ်အကျိုးငှါ။ စိတ္တံ၊ ကို။ အဘိနိန္နာမေတိ၊ ညွတ်စေ၏။ သော၊ သည်။ ဝိသုဒ္ဓေန၊ အထူးသဖြင့် စင်ကြယ်သော။ အတိက္ကန္တမာနုသကေန၊ လူတို့၏ မျက်စိအမြင်ကိုလွန်သော။ ဒိဗ္ဗေန စက္ခုနာ၊ ဒိဗ္ဗစက္ခုအဘိညာဉ်ဖြင့်။ စဝမာနေ၊ စုတေဆဲဖြစ်ကုန်သော။ ဥပပဇ္ဇမာနေ၊ ပဋိသန္ဓေနေဆဲဖြစ်ကုန်သော။ သတ္တေ၊ သတ္တဝါတို့ကို။ ပဿတိ၊ မြင်၏။ ဟီနေ၊ ယုတ်ကုန်သော။ ပဏီတေ၊ မြတ်ကုန်သော။ သတ္တေ၊ တို့ကို။ ပဇာနာတိ၊ ၏။ (သုဝဏ္ဏေ၊ အဆင်းလှကုန်သော။ ဒုဗ္ဗဏ္ဏေ၊ အဆင်းမလှ

ကုန်သော။ သတ္တေ၊ တို့ကို။ ပဿာတိ၊ ၏။ သုဂတေ၊ ကောင်းသောဂတိသို့ လားကုန်သော။ ဝါ၊ ကြွယ်ဝကုန်သော။ ဒုဂ္ဂတေ၊ မကောင်းသော ဂတိသို့ လားကုန်သော။ ဝါ၊ ဆင်းရဲကုန်သော။ သတ္တေ၊ တို့ကို။ ပဿတိ၊ ၏။ ယထာကမ္မူပဂေ၊ အကြင်အကြင်ကံကြောင့် ကပ်ရောက်ကုန်သော။ သတ္တေ၊ တို့ကို။ "ဘောန္တော၊ အရှင်ဖြစ်ကုန်သော။ ဣမေ သတ္တာ၊ ဤသတ္တဝါတို့သည်။ ဝတ၊ စင်စစ်။ ကာယဒုစ္စရိတေန၊ ကာယဒုစရိုက်နှင့်။ သမန္နာဂတာ၊ ပြည့်စုံကုန်၏။ ဝစီဒုစ္စရိတေန၊ ဝစီဒုစရိုက်နှင့်။ သမန္နာဂတာ၊ ကုန်၏။ မနောဒုစ္စရိတေန၊ မနောဒုစရိုက်နှင့်။ သမန္နာဂတာ၊ ကုန်၏။ အရိယာနံ၊ ဘုရားစသော အရိယာပုဂ္ဂိုလ်တို့ကို။ ဥပဝါဒကာ၊ စွပ်စွဲတတ်ကုန်၏။ မိစ္ဆာဒိဋ္ဌိကာ၊ ဖောက်ပြန်သော အယူရှိကုန်၏။ မိစ္ဆာဒိဋ္ဌိကမ္မသမာဒါနာ၊ ဖောက်ပြန်သော အယူဖြင့် ဆောက်တည်အပ်သော အမှုရှိကုန်၏။ တေ၊ ထိုသတ္တဝါတို့သည်။ ကာယဿ၊ ခန္ဓာကိုယ်၏။ ဘေဒါ၊ ပျက်ခြင်းကြောင့်။ ဝါ၊ ပျက်ခြင်းဟူသော။ မရဏာ၊ သေသည်မှ။ ပရံ၊ အထက်၌။ အပါယံ၊ ချမ်းသာကင်းရာဖြစ်သော။ ဝါ၊ ကောင်းမှုကင်းရာဖြစ်သော။ ဒုဂ္ဂတိံ၊ ဆင်းရဲ၏လည်းလျှောင်းရာဖြစ်သော။ ဝါ၊ မကောင်းမှုကို ပြုသူတို့၏ လားရောက်ရာဖြစ်သော။ ဝိနိပါတံ၊ အလိုအာသာကင်းလျက် ကျရောက်ရာဖြစ်သော။ နိရယံဥပ၊ ငရဲ၌။ ပန္နာ၊ ဖြစ်ကုန်၏။ ဝါ ပန၊ ထိုပြင်။ ဘောန္တော၊ကုန်သော။ ဣမေ သတ္တာ၊ တို့သည်။ ကာယသုစရိတေန၊ ကာယသုစရိုက်နှင့်။ သမန္နာဂတာ၊ ကုန်၏။ ဝစီသုစရိတေန၊ ဝစီသုစရိုက်နှင့်။ သမန္နာဂတာ၊ ကုန်၏။ မနောသုစရိတေန၊ မနောသုစရိုက်နှင့်။ သမန္နာဂတာ၊ ကုန်၏။ အရိယာနံ၊ တို့ကို။ အနုပဝါဒကာ၊ မစွပ်စွဲတတ်ကုန်။ သမ္မာဒိဋ္ဌိကာ၊ မှန်ကန်သော အယူရှိကုန်၏။ သမ္မာဒိဋ္ဌိကမ္မသမာဒါနာ၊ မှန်ကန်သော အယူဖြင့် ဆောက်တည်အပ်သော အမှုရှိကုန်၏။ တေ၊ ထိုသတ္တဝါတို့သည်။ ကာယဿ၊ ၏။ ဘေဒါ၊ ကြောင့်။ ဝါ၊ သော။ မရဏာ၊ မှ။ ပရံ၊ ၌။ သုဂတိံ၊ ချမ်းသာ၏ လည်းလျှောင်းရာဖြစ်သော။ ဝါ၊ ကောင်းမှုပြုသူတို့၏ လားရောက်ရာဖြစ်သော။သဂ္ဂံ လောကံ ဥပ၊ နတ်ပြည်လောက၌။ ပန္နာတိ၊ ကုန်၏"ဟူ၍။ ပဇာနာတိ၊ ၏။ ဣတိ၊ သို့။ပ။ပဇာနာတိ၊ ၏။ ဘိက္ခဝေ၊ တို့။ ဧဝမ္ပိ၊ လည်း။ပ။ ဟောတိ၊ ၏။

၁၉။ သော၊ သည်။ပ။အာသဝါနံ ခယဉာဏာယ၊ အာသဝတရားတို့၏ ကုန်ရာကို သိသော ဉာဏ်အကျိုးငှါ။ စိတ္တံ၊ ကို။ အဘိနိန္နာမေတိ၊ ၏။ သော၊ သည်။ ဣဒံ၊ ဤတေဘူမက တရား အပေါင်းသည်။ ဒုက္ခံ၊ ဆင်းရဲတည်း။ ဣတိ၊ သို့။ ယထာဘူတံ၊ ဟုတ်တိုင်းမှန်စွာ။ ပဇာနာတိ၊ အပြားအားဖြင့်သိ၏။ အယံ၊ ဤလောဘသည်။ ဒုက္ခသမုဒယော၊ ဆင်းရဲအပေါင်း၏ အကြောင်းတည်း။ ဣတိ၊ သို့။ ယထာဘူတံ၊ စွာ။ ပဇာနာတိ၊ ၏။ အယံ၊ ဤနိဗ္ဗာန်သည်။ ဒုက္ခနိရောဓော၊ ဆင်းရဲအပေါင်း၏ ချုပ်ရာတည်း။ ဣတိ၊ သို့။ ယထာဘူတံ၊ စွာ။ ပဇာနာတိ၊ ၏။ အယံ၊ ဤသမ္မာဒိဋ္ဌိစသည်သည်။ ဒုက္ခနိရောဓဂါမိနီပဋိပဒါ၊ ဆင်းရဲတကာတို့၏ချုပ်ရာ နိဗ္ဗာန်သို့ ရောက်ကြောင်းအကျင့်တည်း။ ဣတိ၊ သို့။ ယထာဘူတံ၊ စွာ။ ပဇာနာတိ၊ ၏။ ဣမေ၊ ဤလောဘဒိဋ္ဌိမာနတို့သည်။ အာသဝါ၊ ယိုစီးတတ်သော အာသဝတို့တည်း။ပ။အယံ၊ ဤလောဘသည်။ အာသဝသမုဒယော၊ အာသဝတို့၏အကြောင်းတည်း။ပ။အယံ၊ ဤနိဗ္ဗာန်သည်။ အာသဝနိရောဓော၊ အာသဝတို့၏ချုပ်ရာတည်း။ပ။အယံ၊ ဤသမ္မာဒိဋ္ဌိစသည်သည်။ အာသဝနိရောဓဂါမိနီပဋိပဒါ၊ အာသဝတို့၏ချုပ်ရာ နိဗ္ဗာန်သို့ရောက်ကြောင်းအကျင့်တည်း။ ဣတိ၊ သို့။ ယထာဘူတံ၊ စွာ။ ပဇာနာတိ၊ ၏။ ဧဝံ၊ သို့။ ဇာနတော၊ သိသော။ ဧဝံ၊ သို့။ ပဿတော၊ မြင်သော။

ထသာ၊ ထိုရဟန်း၏။ စိတ္တံ၊ သည်။ ကာမာသဝါပိ၊ ကာမာသဝမှလည်း။ ဝိမုစ္စတိ၊ လွတ်၏။ပ။ အဝိဇ္ဇာသဝါပိ၊ မှလည်း။ ဝိမုစ္စတိ၊ ၏။ ဝိမုတ္တသ္မိံ၊ ကိလေသာအာသဝတို့မှလွတ်ပြီးသော်။ (မေ၊ ငါ၏။ စိတ္တံ၊ သည်။) ဝိမုတ္တံ၊ ကိလေသာအာသဝတို့မှလွတ်ပြီ။ ဣတိဉာဏံ၊ ဤသို့သိသော ဉာဏ်သည်။ ဟောတိ၊ ၏။ 'ဇာတိ၊ ပဋိသန္ဓေသည်။ ခီဏာ၊ ကုန်ပြီ။ ဗြဟ္မစရိယံ၊ မဂ်ဟူသော မြတ်သောအကျင့်ကို။ ဝုသိတံ၊ ကျင့်သုံးအပ်ပြီ။ ကရဏီယံ၊ ပြုဘွယ်ကိစ္စကို။ ကတံ၊ ပြုအပ်ပြီ။ ဣတ္ထတ္တာယ၊ ဤတဆယ့်ခြောက်ပါးသော မဂ်ကိစ္စအလို့ငှါ။ အပရံ၊တပါးသောကျင့်ဘွယ်ကိစ္စသည်။ နတ္ထိ၊ မရှိ' ဟူ၍။ (ဣတ္ထတ္တာယ၊ ဤဘဝမှ။ အပရံ၊ တပါးသောဘဝသည်။ န ဣတိ၊ မရှိဟူ၍။) ပဇာနာတိ၊ ၏။ ဘိက္ခဝေ၊ တို့။ ဧဝမ္ပိ၊ လည်း။ပ။ ဟောတိ၊ ၏။ ဘိက္ခဝေ၊ တို့။ တထာဂတာ၊ တို့သည်။ ဧဝံဝါဒီ၊ ဤသို့သောအယူဝါဒရှိကုန်၏။ ဘိက္ခဝေ၊ တို့။ ဧဝံဝါဒီနံ၊ ဤသို့သောအယူ ဝါဒရှိကုန်သော။ တထာဂတာနံ၊ တို့၏။ ဒသ၊ ဆယ်ပါးကုန်သော။ သဟဓမ္မိကာ၊ အကြောင်း နှင့်တကွဖြစ်ကုန်သော တရားတို့သည်။ပါသံသ ဌာနံ၊ချီးမွမ်းထိုက်သောအကြောင်းသို့[^1]။အာဂစ္ဆန္တိ၊ ရောက်ကုန်၏။

၂၀။ ဘိက္ခဝေ၊ တို့။ပ။ သစေ ပဋိသံဝေဒေန္တိ၊ ကုန်အံ့။ ဘိက္ခဝေ၊ တို့။ တထာဂတော၊ သည်။ အဒ္ဓါ၊ စင်စစ်။ ပုဗ္ဗေ၊ ရှေးဘဝ၌။ သုကတကမ္မကာရီ၊ ကောင်းစွာပြုအပ်သောအမှုကို ပြုတော်မူလေ့ရှိ၏။ ယံ၊ ယင်းအကြောင်းကြောင့်။ ဧတရဟိ၊ ယခုအခါ၌။ ဧဝရူပါ၊ ဤသို့ သဘောရှိကုန်သော။ အနာသဝါ၊ အာသဝမရှိကုန်သော။ သုခဝေဒနာ၊ ချမ်းသာဝေဒနာတို့ကို။ ဝေဒေတိ၊ ခံစားတော်မူရ၏။ ဘိက္ခဝေ၊ တို့။ပ။သစေ ပဋိသံဝေဒေန္တိ၊ ကုန်အံ့။ ဘိက္ခဝေ၊ တို့။ တထာဂတော၊ ကို။ အဒ္ဓါ၊ စင်စစ်။ ဘဒ္ဒကေန၊ ကောင်းသော။ ဣဿရေန၊ အစိုးရသူသည်။ နိမ္မိတော၊ ဖန်ဆင်းအပ်၏။ ယံ၊ ကြောင့်။ပ။ ဝေဒေတိ၊ ၏။

(ပ) ကလျာဏသင်္ဂတိကော၊ ကောင်းသောသူတို့နှင့် ပေါင်းဆုံခြင်းရှိတော်မူ၏။
(ပ) ကလျာဏာဘိဇာတိကော၊ ကောင်းသောဇာတ်ရှိတော်မူ၏။
(ပ) ကလျာဏဒိဋ္ဌိဓမ္မုပက္ကမော၊ ကောင်းသော မျက်မှောက်သောကိုယ်၏ အဖြစ်၌ လုံ့လရှိတော်မူ၏။ပ။ ဝေဒေတိ၊ ၏။

ဘိက္ခဝေ၊ တို့။ သတ္တာ၊ တို့သည်။ ပုဗ္ဗေကတဟေတု၊ 'ကြောင့်။ သုခဒုက္ခံ၊ ကို။ သစေ ပဋိ-သံဝေဒေန္တိ၊ ကုန်အံ့။ တထာဂတော၊ သည်။ ပါသံသော၊ ချီးကျူးခြင်းကို ခံထိုက်တော်မူပေ၏။ (ပသံသ အရဟတိ၊ ပြု)။သတ္တာ၊ တို့သည်။ပ။ နောစေ ပဋိသံဝေဒေန္တိ၊ ကုန်အံ့။ တထာဂတော၊ သည်။ ပါသံသော၊ ၏။ (နောက်ဝါကျများ၌လည်း နည်းတူပေးလေ။)

ဘိက္ခဝေ၊ တို့။ တထာဂတာ၊ ဘုရားရှင်တို့သည်။ ဧဝံဝါဒီ၊ ဤသို့ ဟောတော်မူလေ့ရှိတော်မူ ကုန်၏။ ဘိက္ခဝေ၊ တို့။ ဧဝံဝါဒီနံ၊ ကုန်သော။ တထာဂတာနံ၊ တို့၏ (အထံသို့)။ ဒသ၊ ကုန်

[^1]: ၁။ အပိုဒ် ၈ ၌ ဂါရယှံ ဌာနံ-၌ှသကဲ့သို့ ဤ၌လည်း ပါသံသံ ဌာနံ-ဟုရှိသင့်၏။ သို့မှ ရှေ့နောက်ညီညွတ်သည်။ စာပိုဒ် ၈ အဋ္ဌကထာဝယ် ဝါဒါနုပတ္တာ ဂါရယှဋ္ဌာနာ ဂတိပိ ပါဌော-ဟု ပါဌန္တရဖွင့်သောကြောင့် "ဝါဒါနုပတ္တာ၊ ဝါဒသို့ အစဉ်ကျရောက်ကုန်သော။ ဂါရယှဋ္ဌာနာ၊ ကဲ့ရဲ့ထိုက်သောအကြောင်းတို့သည်။ အာဂစ္ဆန္တိ၊ ကုန်၏" ဟူ၍ပေး။ ဤ၌လည်း "သဟဓမ္မိကာ၊ ကုန်သော။ ပါသံသဋ္ဌာနာ၊ ချီးမွမ်းထိုက်သောအကြောင်းတို့သည်။ အာဂစ္ဆန္တိ၊ ကုန်၏" ဟူ၍ပေး။

သော။ ဣမေ သဟာဓမ္မိကာ၊ တို့သည်။ ပါသံသ ဌာနံ၊ သို့။ အာဂစ္ဆန္တိ၊ ကုန်၏။ ဣတိ၊ သို့။ ဧတံ၊ ကို။ အဝေါစ၊ ဟောတော်မူပြီ။ (သုတ်အစပြန်သတ်။)

ဘဂဝါ၊ မြတ်စွာဘုရားသည်။ ဣဒံ၊ ဤတရားစကားကို။ အဝေါစ၊ ပြီး။ တေ ဘိက္ခူ၊ ထိုရဟန်းတို့သည်။ အတ္တမနာ၊ နှစ်သက်သော စိတ်ရှိကုန်သည်ဖြစ်၍။ ဘဂဝတော၊ မြတ်စွာဘုရား၏။ ဘာသိတံ၊ တရားစကားကို။ အဘိနန္ဒုံ၊ အလွန်နှစ်သက်ကုန်ပြီ။ ဣတိ၊ သို့။ သုတံ၊ ပြီ။

ပဌမံ၊ ရှေးဦးစွာသော။ ဒေဝဒဟသုတ္တံ၊ သည်။ နိဋ္ဌိတံ၊ ပြီ။

---

## ၂-ပဉ္စတ္တယသုတ်

၂၁။ (ဧဝံ မေ သုတံ။ပ။ပစ္စဿောသုံ၊ ပေးမြဲ။) ဘဂဝါ၊ သည်—(ဥဒ္ဒေသ်အဆုံး အနုပါဒါ ဝိမောက္ခောတိ-၌ အာကာရ ဆုံးသည်)။ ဘိက္ခဝေ၊ တို့။ အပရန္တကပ္ပိကာ၊ နောက်အဘို့ကို ကြံဆ၍ယူကုန်သော။ အပရန္တာနုဒိဋ္ဌိနော၊ နောက်အဘို့သို့ အစဉ်လိုက်သောအယူရှိကုန်သော။ ဧကေ၊ အချို့ကုန်သော။ သမဏဗြာဟ္မဏာ၊ ရဟန်းပုဏ္ဏားတို့သည်။ သန္တိ၊ ရှိကုန်၏။ တေ၊ ထို ရဟန်းပုဏ္ဏားတို့သည်။ အပရန္တံ၊ နောက်အဘို့ကို။ အာရဗ္ဘ၊ စွဲ၍။ အနေကဝိဟိတာနိ၊ များ သောအပြားတို့ဖြင့် စီရင်အပ်ကုန်သော။ အဓိဝုတ္တိပဒါနိ၊ ဒိဋ္ဌိအမည်ပညတ်ကို ပြတတ်သော ပုဒ်တို့ကို။ (ဒိဋ္ဌိတို့၏ အကြောင်းတို့ကို ဟူ၍သော်လည်းပေး)။ အဘိဝဒန္တိ၊ များသောအားဖြင့် သက်ဝင်၍ ဆိုကြကုန်၏။ "အတ္တာ၊ အတ္တသည်။ သညီ၊ သညာရှိသည်။ မရဏာ၊ သေသည်မှ။ ပရံ၊ အထက်၌။ အရောဂေါ၊ ပျက်စီးခြင်းမရှိ မြဲသည်။ (ဋီကာ၌)။ ဟောတိတိ၊ ၏"ဟူ၍။ ဣတ္ထံ၊ ဤသို့။ ဧကေ၊ အချို့ရဟန်းပုဏ္ဏားတို့သည်။ အဘိဝဒန္တိ၊ ကုန်၏။ အတ္တာ၊ အတ္တသည်။ အသညီ၊ သညာမရှိသည်။ပ။အတ္တာ၊ အတ္တသည်။ နေဝသညီနာသညီ၊ သညာရှိသည်မဟုတ် သညာမရှိသည် မဟုတ်သည်။ပ။အဘိဝဒန္တိ၊ ကုန်၏။ သတော ဝါ ပန၊ ထင်ရှားရှိသည်လည်းဖြစ်သော။ သတ္တဿ၊ သတ္တဝါ၏။ ဥစ္ဆေဒံ၊ ပြတ်ခြင်းကို။ ဝိနာသံ၊ အထူးပျက်စီးခြင်းကို။ ဝိဘဝံ၊ ဘဝမှ ကင်းခြင်းကို။ ပညပေန္တိ၊ ပညပ်ကြကုန်၏။ ဒိဋ္ဌဓမ္မနိဗ္ဗာနံ ဝါ ပန၊ မျက်မှောက်သော ကိုယ်၏အဖြစ်၌ ငြိမ်းအေး ခြင်းကိုလည်း။ ဧကေ၊ တို့သည်။ အဘိဝဒန္တိ၊ ကုန်၏။ ဣတိ၊ သို့။ သန္တံ ဝါ၊ ထင်ရှားရှိသည်လည်း ဖြစ်သော။ အတ္တာနံ၊ အတ္တကို။ မရဏာ၊ မှ။ ပရံ၊ ၌။ အရောဂံ၊ ပျက်စီးခြင်းမရှိ မြဲ၏ဟူ၍။ ပညပေန္တိ၊ ကုန်၏။ သတော ဝါ ပန၊ သော။ သတ္တဿ၊ ၏။ ဥစ္ဆေဒံ၊ ကို။ ဝိနာသံ၊ ကို။ ဝိဘဝံ၊ ကို။ ပညပေန္တိ၊ ကုန်၏။ဒိဋ္ဌဓမ္မနိဗ္ဗာနံ ဝါ ပန၊ ကိုလည်း။ဧကေ၊ တို့သည်။ အဘိဝဒန္တိ၊ ကုန်၏။ ဣတိ၊ သို့။ ဣမာနိ၊ ဤဒိဋ္ဌိအမည်ပညတ်ကို ပြတတ်သောပုဒ်တို့သည်။ ပဉ္စ၊ ငါးမျိုးတို့သည်။ ဟုတွာ၊ ဖြစ်ကုန်၍။ တီဏိ၊ သုံးမျိုးတို့သည်။ ဟောန္တိ၊ ကုန်၏။တီဏိ၊ တို့သည်။ ဟုတွာ၊ ကုန်၍။ ပဉ္စ၊ တို့သည်။ ဟောန္တိ၊ ကုန်၏။ အယံ၊ ဤကား။ ပဉ္စတ္တယဿ၊ ပဉ္စတ္တယသုတ်၏။ ဥဒ္ဒေသော၊ အကျဉ်းမာတိကာတည်း။

